# Taurus

# ဝံ-တောရပ်ဘို



၂၀၁၃ ခုနှစ် ၁၂ ရာသီဟောကိန်း

## ပြိဿရာသီ

ဧပြီ ၂၀ ရက် မှ မေ ၂၀ ရက်

အနောက်တိုင်းသာယနစနစ်

www.shweo.net

ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်
သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍
စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
နိုင်ငံ့စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်
တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊
အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဦးမြင့်သန်း
Print House Offset (မြဲ - ၀၁၃၉၈)
အမှတ်-၁၁၈၊ [illegible] စက်မှုဇုန်-၂
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

ဦးဇာကျော်ကို
ယုဇနအောင် စာပေတိုက် (သာသိ - ၀၀၆)
၁၃၃၂၊ မြိတ်လမ်း၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

**ပင်မဖြန့်ချိရေး**
အမှတ် - ၂၈(မြေညီထပ်)၊ လမ်း-၄၁(အထက်)၊ ရန်ကုန်မြို့။
ဖုန်း - ၇၀၉၀၁၂၊ ၇၉၁၁၆၉၊ ၀၉ ၆၈၁၀၀၄၁၈
ကောင်ရေ (၁၀၀၀)

| | |
|---|---|
| တန်ဖိုး | - ၄၀၀ ကျပ် |
| ထုတ်ဝေသည့်ကာလ | - ၂၀၁၂ အောက်တိုဘာလ |
| မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း | - Prodigy |
| ကွန်ပျူတာစာစီ | - စိုးနိုင်၊ ကျော်မှုလော် |
| မျက်နှာဖုံးကာလာခွဲ | - KaHaOo CTP |
| အတွင်းဖလင် | - Color King |

စံ-ဇာကျော်ကို ၁၃၃.၀
၂၀၁၃-ခုနှစ် ၁၂-ရာသီဟောကိန်း/စံ-ဇာကျော်ကို။ ရန်ကုန်။
ယုဇနအောင်စာပေ၊ ၂၀၁၂။
၁၁၄ စာ၊ ၁၃ x ၁၂.၅ စင်တီမီတာ။
(၁) ၂၀၁၃-ခုနှစ် ၁၂-ရာသီဟောကိန်း

www.shweo.net

၂၀၁၃ ခုနှစ်

# စံ–ဇာကျော်ကို

## ၁၂-ရာသီဟောကိန်း



## ပြိဿရာသီဖွား

April 21st မှ May 21st

ကဆုန်လ

www.shweo.net




၂၀၁၃ ခုနှစ်

# စံ-ဇာတိဘို

၁၂-ရာသီဟောကိန်း

## ပြိဿရာသီဖွား
## TAURUS

အနောက်တိုင်းသာယနစနစ်အလိုအရ မေ့ (၂၁) မှ မေ (၂၁) ကြား မွေးဖွားသောသူများကိုပြိဿရာသီဖွား Taurus များဟုသတ်မှတ်သည်။ သောကြာဂြိုဟ် Venus ဦးနှစ်မှကြီးစိုးပိုင်ဆိုင်သည်။ တနင်္လာဂြိုဟ်လမင်း "Moon"၏အားကောင်းသော ဥစ်အိမ်ဖြစ်သည်။ မြေကြီး-ပထဝီ ဓာတ်မNegative Earth ဓာတ်သဘာဝကိုပိုင်ဆိုင်သည်။ ကောင်းကင်ထက်မှနက္ခတ်ရာသီရုပ်သည် နွားလားဥသဘပုံသဏ္ဍာန်ဖြင့် ပေါ်ထွန်းသည်။ ကြယ်တစ်ဆယ့်လေးလုံး ဖြင့်ရုံ၍ထွန်းလင်းသည်။

ပြိဿရာသီသည် ရာသီ (၁၂)ပါးအနက် ဒုတိယမြောက်ရာသီခွင်ဖြစ်သည်။ တည်ငြိမ်ခြင်း၊ အခြေချခြင်း၊ နယ်ပယ်သစ်တို့ကိုဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ခြင်း၊ အခြေတကျ ဖွံ့ဖြိုးစည်ပင်အောင် လုပ်ကိုင်နိုင်စွမ်းရှိသူများဖြစ်ပေရာ (The Settler) များဟု၍သတ်မှတ်သည်။ အေးချမ်းတည်ငြိမ်သည်။ အရာရာအပေါ်

www.shweo.net

ခြေမြေမြစ်မြစ် စနစ်တကျလုပ်တတ်သည်။ ဖွဲ့ကြီးသည်။ "ထိရ" သဘာဝလွှမ်း မိုးသောရာသီဖွားများဖြစ်ပေရာလောကခံတရားကိုကြံ့ကြံ့ခံ၍ ဖြေရှင်းနိုင်စွမ်းရှိသည်။ တစ်ပါးသူဖျက်ဆီး၍မရသော ရပ်တည်မှုစွမ်းအားကိုပိုင်ဆိုင်သည်။ အများအပေါ် ဦးဆောင်နိုင်စွမ်းရှိသည်။ ဆွဲဆောင်သိမ်းသွင်းနိုင်စွမ်းရှိသည်။ စီမံအုပ်စီးနိုင်သောဩဇာအာဏာနှင့်ပင်ကိုစွမ်းအားမြင့်မားသည်။ စိတ်ကြီးသည်။ ပေါက်ကွဲသောမီးတောင်အလား အရှိန်အဟုန်ပြင်းထန်စွာလုပ်ဆောင်သူဖြစ်သည်။ ဤစရိုက်သဘာဝကိုအခြေခံသော ပြိဿရာသီဖွား (၅)မျိုး ထပ်ဆင့်ခွဲခြားသည်။

■ TAURUS THE POWER

■ TAURUS THE MANIFESTATION

■ TAURUS THE TEACHER

■ TAURUS THE NATURAL

■ TAURUS THE ENERGY စသည်ဖြင့်ခွဲခြားထားပါသည်။ ပြိဿရာသီအတွင်းတည်ရှိနေသော ရက်များကိုရာသီခွင်တစ်ခုနှင့်တစ်ခု ဆက်စပ်မှုအရလည်းကောင်း၊ ဒီဂရီအံသာအန / အရင့်အရသော်လည်းကောင်း အသေးစိတ်သုံးသပ်၍ ပိုင်းခြားထားခြင်းဖြစ်သည်။



■ TAURUS THE POWER

ဧပြီ (၂၁၊ ၂၂၊ ၂၃၊ ၂၄) ရက်နေ့တွင်မွေးဖွားသူများဖြစ်သည်။ စွမ်းအားကြီးမားသောသူများဟု သတ်မှတ်သည်။ မိဿရာသီ ၂၉ -ဒီဂရီမှ၊ ပြိဿရာသီ ၄ -ဒီဂရီအတွင်းမွေးဖွားသောသူများဖြစ်သည်။ ရာသီနှစ်ပါးဆက်စပ်နေသောကာလတွင်မွေးသူဖြစ်ပေရာ (Aries-Taurus Cusp) ဖွားများဟု သတ်မှတ်သည်။ ရာသီခွင်နှစ်ခု၏အမည်ကိုပေါင်းစပ်၍ (Taurarians) တော်ရားရီးယမ်းများဟု ခေါ်တွင်သည်။

အင်္ဂါဂြိုဟ် (MARS) နှင့်သောကြာဂြိုဟ် (VE-NUS) တို့မှစိုးမိုးထားပေရာ စွမ်းအင်ထက်မြက်၍ဩဇာအရှိန်အဝါကြီးမြတ်သူများဖြစ်ပေရာ (The Power) များဟူ၍သတ်မှတ်သည်။ အရာရာအပေါ်နိုင်မာကျစ်လစ်စွာလုပ်တတ်သည်။ တစ်ပါးသူမှ ထောက်ပြဝေဖန်ခြင်းမရှိနိုင်အောင်ကြံစည်ဆောင်ရွက်နိုင်စွမ်းရှိသည်။ အရေးပါအရာရောက်သောဘဝအဆင့်ရောက်ရှိမည်။ သဒ္ဒါတရားထက်သန်သည်။ အပေးအကမ်းရက်ရောသည်။ တဖွတ်ထိုးလုပ်တတ်သည်။ ပြတ်သားစွာဝေဖန်ပြီး ထိပ်တိုက်ရင်ဆိုင်ရဲသူများဖြစ်သည်။ တာဝန်ယူလက်ခံထားသော ကိစ္စတစ်ခု

www.shweo.net

အပေါ်၌ဘက်မလိုက်ဘဲ ဆောင်ရွက်သော အလေ့အထရှိသည်။ ကတိတည်သည်။ ချက်ချင်းပြီးမြောက်နိုင်သောကိစ္စတစ်ခုအပေါ်အချိန်ဆွဲ၍ လုပ်တတ်သည်။ စွမ်းအားအပြည့်လုပ်နိုင်စွမ်းရှိလျက် အေးတိအေးစက်လုပ်တတ်သော သဘာဝကိုလျှော့ပါ။ မွေးရပ်ကိုကျော်၍ပြည်ပထိ ထွန်းပေါက်အောင်မြင်မည်။ တမိပေါက်တစ်ယောက်ထွန်း ထက်မြက်သူများဖြစ်သည်။

## ■ TAURUS THE MANIFESTATION

ဧပြီ (၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀)၊ မေ (၁၊ ၂)ရက်နေ့တွင်မွေးဖွားသောသူများဖြစ်သည်။ ပြိဿရာသီ ၅-ဒီဂရီမှ ၁၂- ဒီဂရီအတွင်းတည်ရှိနေသော ရက်များဖြစ်ပေရာ Taurus - I ပြိဿရာသီ၏အနှစ်သာရ ပထမပိုင်းကိုပိုင်ဆိုင်သူများဟုသတ်မှတ်သည်။

ဥပမိရုပ်ထူးခြား၍လူအများကြား ပေါ်လွင်ထင်ရှားသည့်အပြင် ဆောင်ရွက်မှုအလုံးစုံတွင်လည်း အများနှင့်မတူတာမှုထူးခြားစွာဖော်ပြနိုင်စွမ်းရှိပေရာ (Manifestation) များဟုခေါ်သည်။ အရာရာအပေါ်၌မြဲမြဲမြံမြံ အနိုင်အမာကိုင်တွယ်ဆောင်ရွက်သည်။ ဖန်တီးမှုစွမ်းအင်မြင့်သည်။



ထိတွေ့နေသောဝန်းကျင်အပေါ် အကျိုးပြုသောသူများဖြစ်သည်။ ဆုံးဖြတ်ချက်တစ်ခုချပြီးက နောက်မဆုတ်ခေါင်းမာဖွတ်တိုးလုပ်တတ်သည်။ ကိုယ့်အပေါ်တစ်ပါးသူကဝေဖန်သည်ကိုလက်မခံ။ ကိုယ်ကသာတစ်ပါးသူအပေါ် ဆရာလုပ်အမိန့်ပေးလိုသောသဘာဝရှိသည်။ မည်သည့်ကိစ္စကိုမဆိုသဲသဲလှုပ်လှုပ်အကျယ်ချဲ့ပြီး ဖြေရှင်းလေ့ရှိသည်။ အလွယ်တကူအလျှော့မပေး။ အများအကျိုးဆောင်ရွက်လိုသည်။ စာပေဘာသာစကားနှင့်ပတ်သက်၍ ထက်မြက်သောစွမ်းပကားရှိသည်။ စကားကတိတည်သည်။ လက်ခံဆောင်ရွက်သည့်တာဝန်ပိုင်းမှန်သမျှအပေါ် ပြတ်သားစွာဆောင်ရွက်လေ့ရှိသည်။ အမှတ်သည်းခြေကြီးသည်။ လက်တုန့်ပြန်လိုသောစိတ်သဘာဝကို ပိုင်ဆိုင်သည်။ အညံ့မခံ။ အလျှော့မပေးဘဲရင်ဆိုင်ရဲဝံ့သူများဖြစ်သည်။ စိတ်ကူးသစ်များအပေါ်လက်တွေ့အကောင်အထည်ဖော်ရန်ဝန်မလေး။ သံယောဇဉ်အနှောင်အဖွဲ့ကြီးသူများဖြစ်သည်။

## ■ TAURUS THE TEACHER

မေ (၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀) ရက်နေ့တွင်မွေးဖွားသောသူများဖြစ်သည်။ ပြိဿရာသီ ၁၃-ဒီဂရီနှင့်

www.shweo.net

၂၀ - ဒီဂရီအတွင်းမွေးသူများဖြစ်ပေရာ Taurus -II ပြိဿရာသီ၏အနှစ်သာရဒုတိယမြောက်ကာလ မွေးသောသူများဖြစ်သည်။

လေ့လာသောအတတ်ပညာမှန်သမျှတွင် ကျွမ်းကျင်သူအဆင့်၊ ဆရာအဆင့်ထိတတ်မြောက်မည်။ အတတ်ပညာနှင့်အသက်မွေးနိုင်သည်။ သင်ကြားပြသနိုင်စွမ်းရှိသူများဖြစ်ပေရာ (The Teacher) များဟုသတ်မှတ်သည်။ သူတစ်ပါးအပေါ်၌ဆွဲဆောင်နိုင်စွမ်းရှိသည်။ မွေးရာပါသံလိုက်ဓာတ်၊ ညို့ငင်ဓာတ်ပါသူများဖြစ်သည်။ စွန့်စားရင်ဆိုင်ရသောလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်စွမ်းရှိသည်။ အရာရာအပေါ်၌သမာသမတ်ကျကျ မျှမျှတတတွေးခေါ်ဆောင်ရွက်သည်။ မတော်မတရားကိစ္စများကိုမုန်းတီးစွာဆန့်ကျင်သည်။ အကောင်းအဆိုးကို ဝေဖန်ပိုင်းခြားနိုင်သည့်ဉာဏ်စွမ်းအား မြင့်မားသည်။ ရပ်တည်ချက်တစ်ခုအပေါ်၌ ယိမ်းယိုင်ညွတ်ပြောင်းခြင်းမရှိဘဲ ခိုင်မာစွဲမြဲစွာလုပ်ကိုင်တတ်သည်။ လိုလားချက်တို့ကိုမရမက ဖွဲ့ကြိုးစွာတောင်းဆိုလုပ်ကိုင်သူများဖြစ်သည်။ စာပေဘာသာစကားနှင့်ပတ်သက်သော ဗီဇပါရမီရှိသည်။ ရှေးဟောင်းနက်နဲသော အတတ်ပညာများကို လေ့လာတတ်မြောက်နိုင်



သည်။ လူအများကတလေးတစား ဂါရဝထားရသောဘဝအခြေအနေကိုရရှိမည်။ တည်ကြည်မှုနှင့်ရိုးသားမှုအပေါ်တစ်ပါးသူကခုတုံးလုပ် အသုံးပြုခြင်းခံရတတ်သည်။

## ■ TAURUS THE NATURAL

မေလ (၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈) ရက်နေ့ တွင်မွေးဖွားသောသူများဖြစ်သည်။ ပြိဿရာသီ ၂၁ - ဒီဂရီမှ ၂၈ - ဒီဂရီအတွင်း မွေးသောသူများဖြစ်ပေရာ Taurus - III ပြိဿရာသီ၏ တတိယမြောက်ကာလတွင် မွေးသောသူများဖြစ်သည်။

ကိုယ်ပိုင်မှု၊ ကိုယ်ပိုင်ဟန်နှင့် အရာရာအပေါ်သဘာဝကျကျလုပ်ကိုင်တတ်သူများဖြစ်ပေရာ (Natural) များဟုသတ်မှတ်သည်။ အေးအေးချမ်းချမ်းပေါ့ပေါ့ပါးပါးပျော်ပျော်ရွှင်ရွှင်နေတတ်သည်။ အပူပင်သောကတို့ကိုစိတ်ထဲမထားတတ်။ စွန့်စားခြင်းကိုနှစ်သက်သည်။ အသစ်အဆန်းတို့ကိုဖန်တီးနိုင်စွမ်းရှိသည်။ လမ်းသစ်ထွင်၍ဆောင်ရွက်သောသဘာဝရှိသည်။ စိတ်ကူးကောင်း၊ အကြံဉာဏ်ကောင်းများရှိသည်။ အစွဲအလမ်းကြီးသည်။ ချုပ်ချယ်မှုအားလုံးဝမနှစ်သက်။ တော်လှန်ပုန်ကန်သော သဘာဝရှိသည်။

www.shweo.net

လွတ်လပ်မှုအပေါ် လွန်လွန်ကဲကဲနှစ်လိုသည်။ ဘဝလမ်းကြောင်းတွင် ကိုယ့်လမ်းကြောင်းကိုယ်ဖွေရှာ၍ ဝါသနာပါသည့်အပေါ်ဇိဇိစီးစီးလုပ်၍ မြင့်မားသောတက်လမ်းများကို ဖန်တီးလိမ့်မည်။ အများအမြင်တွင် ပေါ့ပေါ့တန်တန်ဖြစ်လင့်ကစား လေးနက်ခိုင်မာသောရည်ရွယ်ချက်နှင့် အလိုဆန္ဒတို့ကိုပြည့်မြောက်အောင် ဆောင်ရွက်လေ့ရှိသည်။ ဆက်ဆံနေသောဝန်းကျင်အတွင်း အရှိန်အဝါမြင့်မားစွာနှင့် စိုးမိုးနိုင်စွမ်းရှိသည်။ ဟန်ဆောင်မှုကင်း၍ လူတိုင်းနှင့်အဆင်ပြေအောင်ဆက်ဆံသူဖြစ်သည်။

## ■ TAURUS THE ENERGY

မေလ (၁၉၊ ၂၀၊ ၂၁) ရက်နေ့တွင်မွေးသောသူများဖြစ်သည်။ ပြိဿရာသီ၏ ၂၉-ဒီဂရီမှ မေထုန်ရာသီ၏ ၁-ဒီဂရီအတွင်းတည်ရှိသည်။ ပြိဿရာသီ၏အဆုံး၊ မေထုန်ရာသီ၏အစ (Taurus-Gemini Cusp) ဖွားများဖြစ်သည်။ ရာသီခွင်နှစ်ခု၏အမည်ကိုဆက်စပ်၍ ဤကာလမွေးသောသူများကို "Tauremini" ဟော်ရီဇီနိုင်များဟု ခေါ်တွင်သည်။

သောကြာဂြိုဟ် Venus နှင့်ဗုဒ္ဓဟူးဂြိုဟ်Mercury



တို့၏လွှမ်းမိုးမှုအောက်တွင် မွေးဖွားသူများဖြစ်ပေရာ အရာရာအပေါ် အားသွန်ခွန်စိုက်လုပ်ကိုင်နိုင်သည်။ အများသူငါကအံ့သြလေးစားလောက်သော အခြေအနေကိုဖန်တီးနိုင်စွမ်းရှိသည်။ ထိပ်တိုက်ရင်ဆိုင်၍ အခက်အခဲမှန်သမျှကိုကျော်လွှားနိုင်သောစွမ်းအားရှိပေရာ (The Energy) များဟူ၍သတ်မှတ်သည်။ အကင်းပါးသည်။ ဉာဏ်ရည်မြင့်မားသည်။ အတတ်ပညာတို့ကို လွယ်လင့်တကူသင်ကြားတတ်မြောက်နိုင်သည်။ လှုပ်ရှားမှုကိုနှစ်သက်သည်။ စွန့်စား၍လုပ်ကိုင်သောအလေ့အထရှိသည်။ အတွေးအခေါ်ကောင်းရှိသည်။ စိတ်လှုပ်ရှားလွယ်သည်။ သီးသန့်နေထိုင်တတ်သူများဖြစ်လင့်ကစား မိမိရင်းနှီးသူများနှင့်စကားအမျှင်မပြတ်အောင်ပြောတတ်သည်။ အရာရာအပေါ်စနစ်တကျတွက်ချက်ပြီးမှ ဆောင်ရွက်တတ်သောအလေ့အထရှိသည်။ ဉာဏ်ရည်စွမ်းအားမြင့်မားခြင်းကြောင့် အချို့သောကိစ္စများအပေါ် ပေါ့ပေါ့တန်တန်လုပ်တတ်သည်။ ခက်ခဲသောပြဿနာများကိုအဖြေရှာ ထိုးဖောက်နိုင်စွမ်းရှိသည်။

www.shweo.net

# ၂၀၁၂-နိဂုံး

■ ၂၀၁၂-နိဝင်ဘာ

အပြိုင်အဆိုင် အတိုက်အခံများနှင့်ကြုံမည်။ ယှဉ်ပြိုင်မှုများတွင် ထွန်းပေါက်အောင်မြင်မှုရှိမည်။ အလုပ်အဆင့်၊ ဘဝအခြေအနေတိုးတက်မည်။ လူမျိုးကွဲအကျိုးပေးမည်။ ပညာသင်တန်းနှင့် ပတ်သက်သောကံကောင်းမည်။ မိတ်ကောင်း၊ ဆွေကောင်းအထောက်အကူရမည်။ ကာလအတန်ကြာဆိုင်းငံ့ထားသောလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်မည်။ အတွေးအကြံအစည်သစ်နှင့် ဆောင်ရွက်ခြင်း၏ အနှစ်သာရကောင်းကိုရရှိမည်။ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စများ ပါဝင်ပတ်သက်ရလိမ့်မည်။ သူတစ်ပါးကိစ္စအတွက် ကြားဝင်ဆောင်ရွက်ရင်း ပဋိပက္ခများဖြေရှင်းရမည်။ ကိုယ့်အကြိုက်ထက် အများအကြိုက်ကိုဦးစားပေးပြီးလုပ်ကိုင်ရလိမ့်မည်။ ငွေကြေးအကုန်အကျများသောကိစ္စမျိုးကိုမှ အဓိကဆောင်ရွက်လိုစိတ်များ ပေါ်ထွန်းနေမည်။ စုဆောင်းထားသောငွေကြေးများကိုလည်း တစ်ပြိုင်နက်တည်းသုံးစွဲလိုစိတ်များ ဖြစ်ထွန်းနေမည်။ လုပ်ငန်းခွင်မှသူများအဖို့ အခါတိုင်းထက်ပို၍ အလုပ်အကိုင်များ



လုပ်ကိုင်ရမည်။ အပြိုင်အဆိုင်၊ အတိုက်အခံများတွေ့မည်။ နာမည်အောင်မြင်မှုနှင့် နေရာကောင်းကိုပြောင်းလဲရောက်ရှိခြင်းကြုံမည်။ လုပ်ရိုးလုပ်စဉ်မဟုတ်သောကိစ္စများ ကိုင်တွယ်ရမည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများအဖို့ ငွေမြဲ။ အကုန်အကျများမည်။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်မည်။ ထူးခြားတိုးတက်မှုများ အဆင့်ဆင့်ဖြစ်ပေါ်မည်။ လုပ်ငန်းသစ်၊ စီးပွားသစ်များချဲ့ထွင်အောင်မြင်ခြင်းရှိမည်။ ပြည်ပနှင့်တိုက်ရိုက်ဆက်စပ် အကျိုးပေးမည်။

၂၀၁၂-နိဝင်ဘာ ၁၊ ၃၊ ၄၊ ၅၊ ၉၊ ၁၃၊ ၁၅၊ ၁၆၊ ၂၁၊ ၂၂၊ ၂၃၊ ၂၅၊ ၂၆၊ ၃၀ ရက်များတွင်ကား စိတ်အနှောင့်အယှက်များမည်။ ရန်အတိုက်အခံနှင့်ယှဉ်၍ အရာရာလုပ်ကိုင်ရလိမ့်မည်။ ကြိုတင်စီစဉ်ထားသည်များ အလွဲလွဲအချော်ချော်ဖြစ်မည်။ ထွက်ပေါက်ရှာပြီးငွေကုန်မည်။ ကိုယ့်အပေါ်ခုတုံးလုပ်၍ ကိုယ်ကျိုးရှာသူများနှင့် တွေ့တတ်သည်။ သူတစ်ပါးကိစ္စအတွက် အချိန်ကုန်၊ ငွေကုန်စိတ်ပင်ပန်းခြင်းများဖြစ်တတ်သည်။ လုပ်ငန်းများတိုးချဲ့ရင်းငွေကြေးမနိုင်မနင်းဖြစ်တတ်သည်။ တစ်ပါးသူလုပ်ငန်းများလုပ်ကိုင်ရင်းလူပန်း၊ စိတ်ပန်းဖြစ်တတ်သည်။ တွဲဖက်လုပ်သူများ၊ လုပ်ဖော်ကိုင်ဖက်များ ခွင့်ယူအနားယူခြင်းများပြု၍ ၄င်းတို့

www.shweo.net

၏အလုပ်ကိစ္စများကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ရခြင်း ကြုံမည်။ မိဘအကြီးအကဲကျန်းမာရေး အညံ့ရှိသည်။

နိဝင်ဘာ ၂၊ ၆၊ ၇၊ ၈၊ ၁၀၊ ၁၁၊ ၁၂၊ ၁၄၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၄၊ ၂၇၊ ၂၈၊ ၂၉ ရက်များတွင် ယှဉ်ပြိုင်မှုများ အောင်မြင်မည်။ လုပ်ကိုင်သမျှ ထွန်းထွန်းပေါက်ပေါက်နှင့် တိုးတက်ခြင်းများရှိမည်။ ပညာသင်တန်းနှင့်ပတ်သက်၍ ထွန်းထွန်းပေါက်ပေါက် ဆောင်ရွက်နိုင်ခြင်းများရှိမည်။ တစ်ပါးသူလုပ်ကိုင်အောင်မြင်ရန် ခက်ခဲသောကိစ္စများကို ကိုယ်ကလုပ်ကိုင်၍ အောင်မြင်လိမ့်မည်။ ရှိရင်းစွဲအဆင့် ထက်ပိုမိုမြင့်မားသောအဆင့်၊ အလုပ်တာဝန်တို့ကို ကိုင်တွယ်လုပ်ကိုင်ရလိမ့်မည်။ ဩဇာကြီးမားမည်။ ဆုံးဖြတ်ချက်မှန်မည်။ အခက်အခဲများဖြေရှင်းနိုင်မည်။ ဤရက်များတွင်စတင်လိုက်သောကိစ္စမှန်သမျှ ဆုံးခန်းတိုင်အောင်လုပ်ကိုင်နိုင်လိမ့်မည်။ မိသားစုအလုပ်စီးပွားများ ရဲ့ထွင်ဆောင်ရွက်၍တိုးတက်မည်။



■ ၂၀၁၂ - ဒီဇင်ဘာ

အနှောင့်အယှက် အတိုက်အခံများနှင့်ရင်ဆိုင်ပြီးမှအလိုရှိရာပြည့်စုံမည်။ လွယ်လင့်တကူဖြစ်ပေါ်ခြင်းမရှိ။ အပြိုင်အဆိုင်များ၊ အနှောင့်အယှက်အတိုက်အခံများကြားမှဆောင်ရွက်ရမည်။ အမှုပြဿနာများ၊ အရှုပ်အထွေးများကြားပတ်သက်ရခြင်းရှိမည်။ တရွက်တတန်း၊ တရင်းဇယားအရှုပ်အထွေးများကြားမှာရှိမည်။ ဝယ်ယူမှုများယွင်းတတ်သည်။ ရင်းနှီးမြှုပ်နှံမှုများ၌အကျိုးအမြတ်မရှိ။ ဆုံးဖြတ်ချက်မှားယွင်းခြင်းများဖြစ်နိုင်သည်။ မှားယွင်းသောအကြံများကိုနားယောင်၍အမှားများကြုံနိုင်သည်။ အိမ်တွင်းရေးအပူပြဿနာများဖြေရှင်းရမည်။ လုပ်ငန်းခွင်အတွင်း၌မနာလိုသူများ၊ အနှောင့်အယှက်ပေးသူများပေါ်ပေါက်မည်။ ကိုယ့်အပေါ်အမြစ်ပုံချ၊ ချောက်ချသူများနှင့်တွေ့ရမည်။ အကြီးအကဲအတူတကွလုပ်သူများ အထင်မှားအမြင်မှားအောင်ဒုက္ခပေးခြင်းများကြုံတတ်သည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများအတွက်လည်း အရောင်းအဝယ်မှားယွင်းခြင်းများဖြစ်တတ်သည်။ ရသင့်သောငွေကြေးများမရ။ လက်ခက်သောသူများနှင့်တွေ့မည်။ ကုန်ကျမှုအားလုံးတို့သည် သတ်မှတ်ချိန်ထက်စော၍ကုန်ကျမည်။ အလေအလွင့်အပျက်အစီး

www.shweo.net

များမည်၊ အပြိုင်အတိုက်အခံများမည်၊ လုပ်ငန်းတူများမှ ပြိုင်ဆိုင်ခြင်း၊ နှောင့်ယှက်ခြင်းပြုမည်၊ ပျို့ရွယ်သူများအဖို့ ချစ်သူခင်သူသံယောဇဉ်ရှိသူများနှင့် ပဋိပက္ခဖြစ်မည်၊ အထင်လွဲမှားမှုများဖြေရှင်းရတတ်သည်၊ ချစ်သူနှင့်မိမိအကြားအဖျက်အနှောင့်အယှက်ဝင်မည်၊ ဘေးစကားသွေးသားနှင့်ပတ်ဝန်းကျင်ဝေဖန်မှုများကြောင့် စိတ်အနှောင့်အယှက်များကြုံမည်၊ ငွေကြေးလက်လွှန်ခြင်းများကြုံမည်၊ လူယုံဒုက္ခပေးတတ်သည်၊

ဒီဇင်ဘာ ၂၊ ၄၊ ၈၊ ၁၂၊ ၁၄၊ ၁၅၊ ၁၇၊ ၂၀၊ ၂၁၊ ၂၄၊ ၂၉၊ ၃၀ ရက်များတွင်ဆောင်ရွက်သမျှအထူးသတိရှိပါ၊ အနှောင့်အယှက် ရန်အတိုက်အခံများဝန်းရံနေသည်၊ ကူညီသူထက်ဝေဖန်သူများမည်၊ အနီးကပ်လူဒုက္ခပေးတတ်သည်၊ ရှေ့တစ်မျိုး၊ ကွယ်ရာတစ်မျိုးရှိသောသူများကြောင့် ဆောင်ရွက်သမျှ အလွဲလွဲအချော်ချော်ဖြစ်မည်၊ လက်ဝယ်ရှိသောငွေကြေးအချို့ ဆုံးရှုံးမှုများမည်၊ လိမ်ညာလှည့်စားသူများတွေ့မည်၊ စကားကတိပျက်သူများကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရမည်၊ ပစ္စည်းလျောင်ခြင်း၊ စွန့်စားပြီးငွေမြှုပ်နှံခြင်း၊ ငွေကြေးကိုတစ်ပါးသူထံမှယူငင်၍ စွန့်စားရင်းနှီးခြင်းတို့ကို ရှောင်ကြဉ်ရမည်၊ ဒုက္ခရောက်နေ



သောသူများအား လိုက်လံကူညီရင်း ပြဿနာများ၊ စိတ်ဒုက္ခများ ကြုံတွေ့ရမည်၊

ဒီဇင်ဘာ ၁၊ ၃၊ ၅၊ ၆၊ ၇၊ ၉၊ ၁၀၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၁၉၊ ၂၂၊ ၂၃၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၃၀ ရက်များသည်ကား အဆိုးအညံ့များကြားမှ ရက်ကောင်းများပေတည်း။ အခက်အခဲများဖြေရှင်းရန်ကောင်းသည်၊ စတင်လိုက်သောကိစ္စမှန်သမျှထူးခြားစွာ အောင်မြင်မည်၊ ကြုံတွေ့သောအခက်အခဲများကြားမှတိုးတက်မှုများကိုဖန်တီးနိုင်မည်၊ အပြိုင်အဆိုင်အတိုက်အခံများကို ကျော်လွှားနိုင်မည်၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့်လုပ်ဆောင်ချက်များ အောင်မြင်မည်၊ ခရီးကိစ္စ၊ လူမျိုးကွဲလုပ်ငန်းအလုံးစုံတွင် ထွန်းထွန်းပေါက်ပေါက် အောင်မြင်သော အနေအထားရှိသည်၊ လက်လွှန်ထားသော ငွေကြေးများ ပြန်လည်တောင်းခံနိုင်သည်၊ လူမျိုးကွဲများနှင့်တိုက်ရိုက်ဆက်နွယ်မှုများ ဆောင်ရွက်ရန်အချိန်အခါကောင်းဖြစ်မည်၊

www.shweo.net

## ၂၀၁၃–နိဒါန်း

ရည်ရွယ်ချက်များကို လက်တွေ့အကောင်အထည်ဖော်၍အောင်မြင်မည်။ အခက်အခဲများကိုကျော်လွှားနိုင်မည်။ နာမည်အောင်မြင်မှုနှင့် ကောင်းသောဂုဏ်သတင်းကျော်ကြားခြင်းကိုရရှိမည်။ ကြိုတင်တွက်ဆ၍မရနိုင်လောက်သောအပြောင်းအလဲများကြားမှ အလုပ်တိုး၍အောင်မြင်မှုကိုရရှိမည်။ ပေါ်ပေါက်လာသောအခွင့်အလမ်းတို့ကိုလက်တွေ့အသုံးချနိုင်သော အခြေအနေကောင်းကြုံမည်။ ဆုံးဖြတ်ချက်တစ်စုံတစ်ရာချမည်ဆိုက သူတစ်ပါးကိုဖွင့်ဟညှိနှိုင်းပြောဆိုမည့်အစား ချက်ချင်းဆုံးဖြတ်၍ရှေ့တိုးဆောင်ရွက်ပါ။ ဝေဖန်ခြင်းများ၊ အကြံပေးခြင်းများအပေါ်အလွန်အမင်းအလေးထားခြင်းကမသင့်။ တစ်နှစ်တာအတွင်းကိုယ်ကသာလျှင် တစ်ပါးသူအပေါ်အကူအညီပေးရခြင်းကြုံမည်။ အခြားသူထံမှအကူအညီကိုကား ရရှိလိမ့်မည်မဟုတ်။ ကြိုးစားဆောင်ရွက်လေ တိုးတက်မှုအရှိန်အဝါမြင့်မားလေဖြစ်မည်။ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စများတွင် တာဝန်ယူဆောင်ရွက်ရခြင်းများရှိမည်။ ငွေကြေးစုဆောင်းရန်ထက် စနစ်တကျသုံးစွဲရန်ကို စဉ်းစားရန်ဖြစ်



သည်။ အများတကာနှင့်ယှဉ်ပြိုင်တိုးဖောက်၍ မြင့်မားသောအနေအထားသို့ရောက်ရှိမည်။ ရွယ်တူဘဝတူများအလယ်တွင်ကိုယ်ကပိုလွန်သာကဲသော အောင်မြင်မှုကိုရပေမည်။ လူမျိုးကွဲအကျိုးပေးသည်။ နိုင်ငံရပ်ခြားထိ တိုးဖောက်အောင်မြင်မှုများရရှိနိုင်သည်။ လွန်ခဲ့သောနှစ်နှစ်တာကာလအတွင်းကြိုးပမ်းကြံစည်ထားသည်များ၏ အကျိုးဆက်ကိုရရှိမည်။ ပညာသင်တန်းတို့နှင့်ပတ်သက်၍လည်းကောင်း၊ ရည်မှန်းချက်တို့အကောင်အထည်ဖော်ရာ၌လည်းကောင်း ထူးထူးခြားခြားအောင်မြင်နိုင်စွမ်းရှိသည်။

၂၀၁၃-တစ်နှစ်တာအတွင်း အကြံအစည်၊ အလုပ်အကိုင်မှန်သမျှဆောင်ရွက်သောအခါ ပြေလည်အောင်မြင်စေရန်အလို့ငှာ ကံပွင့်၊ ကံမြင့်စေသောအခါကောင်း၊ ရက်ကောင်းတို့ကို တွက်ချက်တင်ပြအပ်ပါသည်။

■ ၂၀၁၃ မတ်၊ မေ၊ ဇူလိုင်၊ စက်တင်ဘာ၊ ဒီဇင်ဘာလများသည်ကံကောင်းသောလ **Lucky Months** များဖြစ်ပါသည်။

www.shweo.net

■ ဤတစ်နှစ်တာအတွင်း လစဉ်လတိုင်းတွင် . . .

1st, 3rd, 5th, 6th

7th, 9th, 15th, 18th

21st, 24th, 27th, 30th ရက်နေ့များသည်ကံကောင်းသောရက် **Lucky Dates** များဖြစ်ပါသည်။

■ အပတ်စဉ် အပတ်တိုင်းတွင် **Monday, Thursday, Friday** များသည် ကံကောင်းစေသောနေ့ **Lucky Days** များဖြစ်ပါသည်။

ငင်းနေ့၊ ရက်၊ လများကိုအခြေတည်၍ အလုပ်ကိစ္စများ၊ အကြံအစည်များကိုစနစ်တကျဆောင်ရွက်၍ အလုံးစုံသောလိုအင်ဆန္ဒများ ပြည့်စုံအဆင်ပြေခြင်းများကို ရရှိပေမည်။





www.shweo.net

## ၂၀၁၃ -ပြိဿရာသီဖွားများအတွက် ကံအခြေအနေ

| | |
|---|---|
| အလုပ်ရေးရာ | * * * * * |
| ငွေကြေး | * * * |
| နိုင်ငံခြားကံ | * * * * * |
| မိတ်ဆွေ | * * * * |
| အိမ်ထွင်းရေး | * * * * |
| မေတ္တာရေး | * * * * |
| ပညာရေး | * * * * * |
| ကျန်းမာရေး | * * * |



## အလုပ်အကိုင်နှင့် စီးပွားရေး

အလုပ်အကြံသစ်၊ ရည်ရွယ်ချက်သစ်များကိုရဲရဲ ထွင်ဆောင်ရွက်နိုင်သည်။ မူလအနေအထားမှခွဲထွက်၍ တိုးတက်မှု၊ အောင်မြင်မှုများအဆင့်ဆင့်ဖြစ်ပေါ်မည်။ အလုပ်နေရာအပြောင်းအလဲနှင့် တိုးတက်မှုများဖြစ်ပေါ်မည်။ မူလအခြေအနေမှပိုမိုမြင့်မားဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မည်။ အပြိုင်အဆိုင်အားလုံးကိုကျော်လွှား၍ တိုးတက်မှု၊ အောင်မြင်မှုများ အနိုင်အမာရရှိမည်။ ကိုယ်ပိုင်စိတ်ကူးကိုအသုံးချ၍ ဆောင်ရွက်သောကိစ္စများမှ ထူးခြားသောတိုးတက်မှုများရရှိမည်။ အတတ်ပညာနှင့်အောင်မြင်မှုအဆင့်ဆင့်ရရှိမည်။ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စများဆောင်ရွက်အောင်မြင်မည်။ ကိုယ်ပိုင်အစွမ်းအစနှင့် ထွန်းထွန်းပေါက်ပေါက် ဆောင်ရွက်နိုင်လိမ့်မည်။ သူတစ်ပါးကြောင့်ဖြစ်သောပြဿနာများကို ဖြေရှင်းနိုင်လိမ့်မည်။ ပြိဿရာသီဖွားတို့သည် အလုပ်စီးပွားရေးရာကိစ္စတို့တွင် အားသွန်ခွန်စိုက်လုပ်တတ်သည်။ ဖွဲကြိုးသည်။ ကိုယ်ရောစိတ်ပါပုံအော၍ စေတနာအပြည့်နှင့်တိတိပပ လုပ်လေ့လုပ်ထရှိသည်။ ပေါ့ပေါ့တန်တန်လုပ်သောသူများ၊ အခွင့်အရေးလိုလားသူများ၏ ရန်သူသဖွယ် ဖြစ်လာတတ်သည်။ လုပ်

www.shweo.net

ငန်းအပေါ်တန်ဖိုးထားခြင်းနှင့် စေတနာကောင်းခြင်းကြောင့် တိုးတက်မှုများလျင်မြန်စွာရရှိလာသည့်အပေါ် လုပ်ဖော်ကိုင်ဖက်တို့ကမနာလိုခြင်း၊ ကိုယ့်အပေါ်ကျော်လွှားသွားမည်ကိုစိုးရိမ်စိတ်နှင့် လိုက်လံနှောင့်ယှက်မှုကြုံတတ်သည်။ ကြီးပွားချမ်းသာခြင်းနှင့် အောင်မြင်ကြွယ်ဝခြင်းကို အထင်အရှားဖန်တီးနိုင်စွမ်းရှိသူများဖြစ်သည်။ အလုပ်၏ပင်ပန်းမှုဒဏ်အပေါ် ခံနိုင်ရည်ရှိသူများဖြစ်သည်။

■ **21 .1. 13 မှ 18 .2. 13 ကြား**

■ **21 .5. 13 မှ 20 .6. 13 ကြား**

■ **21 .10. 13 မှ 20 .11. 13 ကြား**ရက်များတွင် စိတ်အနှောင့်အယှက်များရှိမည်။ ကိုယ့်အပေါ်ဒုက္ခပေးသောသူများနှင့် ထိပ်တိုက်ရင်ဆိုင်ရန်များကြုံမည်။ မနာလိုအပြိုင်အဆိုင်များနှင့်လည်းကြုံတွေ့ရမည်။ ရောင်းမှားဝယ်မှားဖြစ်တတ်သည်။ အလိမ်အညာခံရတတ်သည်။ ဆုံးဖြတ်ချက်များ၌နစ်နာဆုံးရှုံးစရာများဖြစ်ပေါ်နိုင်သည်။ ဆုံးရှုံးနစ်နာတတ်သည်။ အလေအလွင့်၊ အပျောက်အရှ၊ အပျက်အစီးများမည်။ အာမခံခြင်း၊ တာဝန်ယူခြင်းများမပြုရ။ ကိုယ့်ကိစ္စမဟုတ်ဘဲသူတစ်ပါးကိစ္စများကို ဝင်ရောက်စွက်ဖက်ရတတ်သည်။ စာရင်းဇယားပြဿနာများ ရှုပ်ထွေးတတ်သည်။



■ **21 .4. 13 မှ 20 .5. 13 ကြား**

■ **21 .8. 13 မှ 20 .9. 13 ကြား**

■ **21 .11. 13 မှ 20 .12. 13 ကြား**ရက်များတွင်ဆောင်ရွက်သောကိစ္စများမှ အဆင့်မြင့်တိုးတက်မှုများရရှိမည်။ အကျိုးကျေးဇူးကောင်းများရရှိမည်။ ခက်ခဲသောပြဿနာများဖြေရှင်းနိုင်မည်။ ရန်အတိုက်အခံအားလုံးကိုကျော်လွှား၍ အလုပ်ကိစ္စမှန်သမျှ အဆင့်မြင့်မားစွာနှင့် တိုးတက်မှုရရှိမည်။ အလုပ်လျှောက်၊ အလုပ်ရှာခြင်းများဆောင်ရွက်နိုင်လိမ့်မည်။ လုပ်ငန်းခွင်မှသူများ အလုပ်အဆင့်တိုးခြင်း၊ ရာထူးတက်ခြင်းများကြုံမည်။ မူလလုပ်ငန်းလမ်းကြောင်းမှခွဲထွက်၍ အဆင့်မြင့်တိုးတက်မှုများဖန်တီးရရှိမည်။ စတင်ဆောင်ရွက်လိုက်သောကိစ္စမှန်သမျှမှ ကောင်းသောအကျိုးဆက်များဖြစ်ထွန်းမည်။

■ **21 .3. 13 မှ 20 .4. 13 ကြား**

■ **21 .7. 13 မှ 20 .8. 13 ကြား**

■ **21 .9. 13 မှ 20 .10. 13 ကြား**ရက်များတွင် ပြည်ပလုပ်ငန်းအခွင့်အလမ်းများပေါ်ထွန်းမည်။ လုပ်ငန်းတစ်ဖက်၊ ပညာတစ်ဖက်တွဲ၍ တိုးတက်မှုများရရှိမည်။ လုပ်ငန်းနှင့်ပတ်သက်သောပညာသင်တန်းများ အောင်မြင်စွာဆောင်ရွက်

www.shweo.net

နိုင်မည်။ အပြောင်းအလဲနှင့်တိုးတက်မည်။ တစ်ခုထက်မကသောလုပ်ငန်းများကို တစ်ပြိုင်နက်တည်းလုပ်ကိုင်၍ တိုးတက်မှုများကြုံတွေ့မည်။ လူမျိုးကွဲ၊ လူမျိုးခြားနှင့်ဆက်နွယ်ပြီးဆောင်ရွက်သောကိစ္စများမှ ထူးခြားသောတိုးတက်မှုများရရှိမည်။ မရည်ရွယ်ဘဲလုပ်လိုက်သောကိစ္စများမှ ထူးခြားသောတိုးတက်မှုများဖြစ်ပေါ်မည်။

ဤတစ်နှစ်တာအတောအတွင်း ကိုယ်ပိုင်အရည်အသွေးများပေါ်လွင်ထင်ရှားနေမည်။ မည်သို့အခက်အခဲကြုံစေအားလုံးကိုကျော်လွှား၍ မြင့်မားသောအနေအထားရရှိမည်။ ပြည်တွင်းသာမက ပြည်ပနိုင်ငံတကာအဆင့်ထိအလုပ်စီးပွားအောင်မြင်တိုးတက်မည်။ ပြည်ပလူမျိုးကွဲများ၏ အလုပ်ကိစ္စကို နိုင်ငံအတွင်း လက်ခံလုပ်ကိုင်ခြင်းသာမက အရပ်တစ်ပါးနိုင်ငံရပ်ခြား **A, B, C, S, D, J** အက္ခရာနှင့်စသောတိုင်းပြည်များထိ သွားရောက်နေထိုင်၍လုပ်ငန်းလုပ်သည်ထိအကျိုးပေးသည်။ ဆောင်ရွက်နေဆဲလုပ်ငန်းများတွင်လည်းစီးပွားတိုးတက်၍ ထူးခြားသောအဆင်ပြေမှုများအထင်အရှားဖြစ်ပေါ်မည်။ နာမည်ကျော်ကြားခြင်း၊ ကောင်းသောဂုဏ်သတင်းနှင့် တိုးတက်ခြင်းတို့ကြုံမည်။



# လူမှုဆက်ဆံရေး

ပြိဿရာသီဖွားများသည် သူတစ်ပါးအပေါ်စိတ်ကောင်း၊ စေတနာကောင်းနှင့် ကူညီရိုင်းပင်းသူများဖြစ်သည်။ အပြန်အလှန်နားလည်မှုရှိသည်။ ကိုယ်ကျိုးစွန့်အနစ်နာခံ၍ ရိုင်းပင်းသောသဘာဝရှိသည်။ သူတစ်ပါးအပေါ်ဖော်ရွေစွာဆက်ဆံတတ်သည်။ အလွှာစုံနှင့်ဝင်ဆန့်အောင်ဆက်ဆံနိုင်စွမ်းရှိသည်။ တစ်ကြိမ်တစ်ခါဆက်ဆံဖူးလျှင်ပင်အမှတ်တရဖြစ်လောက်အောင် လောကဝတ်ကျေပွန်သူများဖြစ်သည်။ လူများနှင့်ထိတွေ့သောလုပ်ငန်းများ၊ လူမျိုးကွဲ၊ လူမျိုးခြားများနှင့် ဆက်စပ်သောလုပ်ငန်းများတွင်လည်းထွန်းထွန်းပေါက်ပေါက် ဆောင်ရွက်နိုင်မည်။

■ **21.1.13** မှ **18.2.13** ကြား

■ **21.5.13** မှ **20.6.13** ကြား

■ **21.10.13** မှ **20.11.13** ကြားရက်များတွင် အပြိုင်အတိုက်အခံများရှိမည်။ အနှောင့်အယှက်များရှိမည်။ အထင်မှားခြင်းများဖြေရှင်းရမည်။ လူယုံဒုက္ခပေးမည်။ ကိုယ့်အပေါ်စုတုံးလုပ်၍ ကိုယ်ကျိုးရှာသူများနှင့်တွေ့တတ်သည်။ စေတနာနှင့်ကူညီရာမှ တစ်ပါးသူပြဿနာများ ကိုယ့်ထံ

www.shweo.net

ရောက်ရှိဖြစ်ပေါ်မည်၊

■ 21 .4. 13 မှ 20 .5. 13 ကြား

■ 21 .8. 13 မှ 20 .9. 13 ကြား

■ 21 .11. 13 မှ 20 .12. 13 ကြားရက်များတွင်မိတ်ကောင်း၊ ဆွေကောင်းနှင့်ကြုံမည်၊ မိမိအပေါ်ကူညီသူများနှင့်ကြုံမည်၊ ပူးပေါင်းတွဲဖက်လုပ်သော လုပ်ငန်းများအကျိုးရှိမည်၊ မိမိအကျိုးလိုလားသူများ၏ အထောက်အကူကောင်းရရှိမည်၊ မိတ်သစ်ဆွေသစ်တိုးပွားမည်၊ ဖြစ်ပေါ်နေသောလူမှုရေးပြဿနာများကို ပြေငြိမ်းအောင်ဆောင်ရွက်နိုင်မည်၊

၂၀၁၃-တစ်နှစ်တာအတောအတွင်း

■ **အမည်အက္ခရာ** (အ၊ ဉ၊ ဩ) စသောသူများနှင့်ပူးပေါင်း၍ဉစ္စာစီးပွားတိုးပွားမည်၊ စကားပြဿနာများလည်း ပြေဆိုရတတ်သည်၊ ပုံမှန်ထက်ငွေဝင်ခြင်းများကိုလည်း ဖြစ်ပေါ်စေမည်၊ ပူးတွဲလုပ်ကိုင်သောကိစ္စများမှ ထူးခြားသောအကျိုးဆက်များရမည်၊

■ **အမည်အက္ခရာ** (က၊ ခ၊ ဂ၊ ဃ၊ င) စသောသူများနှင့် ပူးပေါင်းလုပ်ဆောင်၍ ကောင်းသောအကျိုးစီးပွား ဖြစ်ထွန်း



မည်၊ ကောင်းကျိုးပေးမည်၊ အကြံဉာဏ်ကောင်းများပေးစွမ်းနိုင်သည်၊ အရေးကြုံကမိမိဘက်မှ အပြည့်အဝရပ်တည်မည်၊

■ **အမည်အက္ခရာ** (စ၊ ဆ၊ ဇ၊ ဈ၊ ည) စသောသူများနှင့်ပူးပေါင်း၍လုပ်ငန်းသစ်များ ချဲ့ထွင်လုပ်ကိုင်နိုင်သည်၊ ဉစ္စာစီးပွားတိုးပွားမည်၊ အပြန်အလှန်နားလည်မှုရှိမည်၊ ပူးတွဲဆောင်ရွက်သောကိစ္စမှန်သမျှမှ ကောင်းသောအကျိုးဆက်ဖြစ်ထွန်းမည်၊

■ **အမည်အက္ခရာ** (ရ၊ ယ၊ လ၊ ဝ) စသောသူများနှင့်ပူးတွဲ၍စီးပွားဉစ္စာတိုးပွားခြင်း၊ ငွေကြေးကံကောင်းခြင်း၊ အလုပ်ရည်ရွယ်ချက်များ အောင်မြင်ခြင်းတို့ဖြစ်ထွန်းမည်၊ လာဘ်ပွင့်ခြင်း၊ စီးပွားဓနဖွံ့ဖြိုးတိုးတက်ခြင်းတို့ကို ဖြစ်ထွန်းစေမည်၊ မိမိအပေါ်အနစ်နာခံမည်၊

■ **အမည်အက္ခရာ** (ပ၊ ဖ၊ ဗ၊ ဘ၊ မ) စသောသူများနှင့်ပူးတွဲ၍မိမိအပေါ်အနစ်နာခံမည်၊ စုပေါင်းလုပ်ငန်းများတွဲဖက်လုပ်ကိုင်နိုင်မည်၊ ငွေကြေးကံကောင်းမည်၊ ကိုယ့်အပေါ်လွန်စွာကောင်းသည်၊ အနစ်နာခံသည်၊ အပြည့်အဝနားလည်မှုရှိသည်၊ တွဲဖက်၍အကျိုးရှိသည်၊

www.shweo.net

■ အမည်အက္ခရာ (သ၊ ဟ) စသောသူများနှင့်ပတ်သက်၍ စိတ်အနှောင့်အယှက်များရှိမည်။ ဒုက္ခပေးတတ်သည်။ နားလည်မှုမရှိ။ ပူးတွဲလုပ်ကိုင်မှုများ၌ ငွေအတွက်သာအကျိုးရှိ၍မိမိအတွက်အကျိုးမဲ့မည်။ ပူးတွဲဆောင်ရွက်ကပြဿနာများဖြစ်တတ်သည်။

■ အမည်အက္ခရာ (တ၊ ထ၊ ဒ၊ ဓ၊ န) စသောသူများနှင့်အယူအဆသဘောသဘာဝကွာခြားသည်။ စိတ်ဝမ်းကွဲတတ်သည်။ အငြင်းပွားရတတ်သည်။ လုပ်ငန်းဟောင်းများပြန်လည်ဆောင်ရွက်သောအခါ ပူးပေါင်းနိုင်သည်။ လူမျိုးကွဲ၊ လူမျိုးခြားဖြစ်က ပိုမိုအကျိုးပေးလိမ့်မည်။

မှတ်ချက်။ ။ (ပြိဿရာသီဖွား) **Taurus**၊ (ကန်ရာသီဖွား) **Virgo**၊ (ပြိဿာရာသီဖွား) **Scorpio**၊ (မကာရရာသီဖွား) **Capricorn** ဤရာသီခွင် (၄) ခုတွင်မွေးသောသူများဖြစ်ပါကမည်သည့်အမည်အက္ခရာနှင့် စသောသူဖြစ်စေ၊ မည်သည့်နေ့မွေးသူဖြစ်စေ မိမိအပေါ်အထူးကောင်းသော ရာသက်ပန်မိတ်ဖက်များအဖြစ် ရပ်တည်ပေးလိမ့်မည်။ ရေရှည်လက်တွဲ၍လည်း အကျိုးရှိမည်။



## အချစ်ရေး၊ မေတ္တာရေး

ပြိဿရာသီဖွားအားလုံးတို့သည် နှလုံးသားခံစားချက်လွန်စွာပြင်းထန်သည်။ မိမိအပေါ်နားလည်မှုအပြည့်အဝရှိသူအပေါ်တုန့်ပြန် မေတ္တာထားတတ်သည်။ မေတ္တာကိုတန်ဖိုးထားသည်။ တည်ငြိမ်သောအချစ်ဘဝကိုလိုလားသူများဖြစ်သည်။ အေးစက်စက်နှလုံးသားမှ နွေးထွေးသောမေတ္တာဓာတ်များပေါ်ထွန်းကာ ခိုင်မာသောအချစ်ဘဝကိုဖန်တီးနိုင်စွမ်းရှိသူများဖြစ်သည်။ ဆွဲဆောင်မှုအားလွန်စွာမြင့်မားသည်။ ညို့ငင်နိုင်စွမ်းရှိသူများဖြစ်သည်။ မျက်နှာများလိုစိတ်မရှိလင့်ကစား နှစ်သက်သူများ၌ တစ်ဦးထက်မကသောအချစ်ရေးကိစ္စများ ကြုံတွေ့မည်။ ထာဝရလက်တွဲဖော်တို့ကိုရွေးချယ်ရာတွင် နှလုံးသားခံစားချက်နှင့် စိတ်အာရုံတိမ်းညွတ်မှုအပေါ် ဦးစားပေးသည်။ မေတ္တာသမားစစ်စစ်များဖြစ်သည်။

■ 21 .5. 13 မှ 20 .6. 13 ကြား

■ 21 .8. 13 မှ 20 .9. 13 ကြား

■ 21 .11. 13 မှ 20 .12. 13 ကြားရက်များတွင် မေတ္တာရေးကံအထူးကောင်းသည်။ ဝေးကွာနေသောသူများနှင့် ပြန်

www.shweo.net

လည်ဆုံစည်းနိုင်သည်။ မေတ္တာရေးနှင့်ပတ်သက်သောဆုံးဖြတ်ချက်များကိုလည်း မှန်ကန်စွာချမှတ်နိုင်မည်။ ကောင်းသောအချစ်ရေးကံ၊ မေတ္တာရေးကံပေါ်ထွန်းသည်။ အရွယ်လွန်လူလွတ်များ အိမ်ထောင်ကျကိန်းရှိသည်။ ရေရှည်ခိုင်မာသောမေတ္တာရေးကိစ္စ ပေါ်ထွန်းသည်။ ပျိုရွယ်သူများတစ်ဦးထက်ပိုသော အချစ်ရေးကိစ္စပေါ်ပေါက်မည်။ သွားလေရာ၊ ရောက်လေရာ၌လူချစ်လူခင်ပေါများမည်။ ဝေးကွာနေသောသူများနှင့် ပြန်လည်ဆုံစည်းမည်။

■ **21 .1. 13 မှ 18 .2. 13** ကြား၊

■ **21 .6. 13 မှ 20 .7. 13** ကြား၊

■ **21 .9. 13 မှ 20 .10. 13** ကြားရက်များတွင် မေတ္တာရေး၊ အချစ်ရေးအနှောင့်အယှက်ရှိမည်။ ဒုက္ခပေးသူများနှင့်တွေ့မည်။ စိတ်အလိုလိုက်၍အမှားဘက်နွယ်တတ်သည်။မေတ္တာရေးကိုအကြောင်းပြု၍ မိသားစုနှင့်ပဋိပက္ခဖြစ်တတ်သည်။ အထင်လွဲမှားခြင်းများကြုံမည်။ ချစ်သူ၏စိမ်းကားမှုကိုကြုံမည်။ အသေးစားပြဿနာမှ အပြီးအပိုင်ကျောခိုင်းလမ်းခွဲရသည်ထိပြဿနာများဖြစ်ပေါ်တတ်သည်။ ချစ်သူရှိနှင့်ထားသူများ ထပ်မံစန်းပွင့်က အချစ်အဟောင်းနှင့်အသစ်ကြားမေတ္တာရေးအရှုပ်အထွေးများ ဖြစ်ပေါ်မည်။ အိမ်ထောင်



ဖက်အဖြစ် လက်တွဲရန်မဖြစ်နိုင်သောသူများနှင့် သဲကြီးမဲကြီး ချစ်ကျွမ်းဝင်တတ်သည်။

၂၀၁၃ တွင်**အသက်** ၁၆၊ ၁၈၊ ၂၁၊ ၂၅၊ ၂၇၊ ၃၀၊ ၃၄၊ ၃၆၊ ၃၉၊ ၄၃၊ ၄၅ နှစ်သို့အရွယ်ရောက်သူများအဖို့ မေတ္တာရေးတွင် အနှောင့်အယှက်များရှိမည်။ **အသက်** ၁၇၊ ၁၉၊ ၂၂၊ ၂၄၊ ၂၆၊ ၂၈၊ ၂၉၊ ၃၁၊ ၃၃၊ ၃၅၊ ၃၇၊ ၄၀၊ ၄၂၊ ၄၄၊ ၄၆ အရွယ်ရောက်သူများအဖို့ အထူးစန်းကောင်းသည်။ မေတ္တာရေးကံကောင်းခြင်း၊ အိမ်ထောင်ရေးနှင့်ပတ်သက်သည့်ဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်။ ဘာသာလူမျိုးကွဲပြားမှုကြောင့်ဖြစ်ပေါ်သော မေတ္တာရေးကိစ္စများကို ပြေလည်အောင်ညှိနှိုင်းနိုင်လိမ့်မည်။ အချစ်ရေး၊ မေတ္တာရေးနှင့် ပြည်ပဓရီးဆက်နွယ် ဆက်ဆံမှုများရှိမည်။ ပေါ်ပေါက်သောမေတ္တာရေးကိစ္စတို့သည် တည်မြဲခိုင်မာခြင်း၊ ရေရှည်လက်တွဲဖော်အဖြစ်မြဲမြံခြင်းတို့ကို ဖြစ်ပေါ်စေမည်။

www.shweo.net

## ပညာရေး

ပြိဿရာသီဖွားတို့သည် အကင်းပါးသည်။ ဉာဏ်ရည်ထက်မြက်သည်။ ပညာအတတ်ပေါ်တွင်စနစ်တကျ ဆောင်ရွက်နိုင်သော စွမ်းပကားရှိသည်။ အတတ်ပညာကို အသုံးချ၍ ဘဝအောင်မြင်မှုများကိုရရှိနိုင်သည်။ လုပ်ငန်းတစ်ဖက်၊ ပညာတစ်ဖက်တစ်ပြိုင်နက်တည်းပူးတွဲ၍ ဘဝအောင်မြင်မှုများကို ဆောင်ရွက်နိုင်ခြင်းရှိမည်။ တိုင်းတစ်ပါးမှအတတ်ပညာများထိ လေ့လာအောင်မြင်နိုင်ခြင်းရှိမည်။ ၂၀၁၃ အတွင်းပညာရေးနှင့်ပတ်သက်သော ဆောင်ရွက်မှုမှန်သမျှထွန်းထွန်းပေါက်ပေါက်နှင့် အောင်မြင်ခြင်းကြုံမည်။ လုပ်ငန်းခွင်မှသူများပင်လျှင် ပညာသင်တန်းများကြုံမည်။ ထူးခြားသောပညာအတတ်များနှင့် အဆင့်မြင့်အောင်မြင်မှုများရရှိမည်။ ဆိုင်းငံ့ထားသောအတတ်ပညာများဆက်လက် ဆောင်ရွက်နိုင်ခြင်းရှိမည်။

■ **21 .1. 13 မှ 18 .2. 13** ကြား

■ **21 .5. 13 မှ 20 .6. 13** ကြား

■ **21 .10. 13 မှ 20 .11. 13** ကြားရက်များတွင်ကား အနှောင့်အယှက်များရှိမည်။ မှန်းသည်နှင့်လက်တွေ့ကွာဟမည်။



ကျန်းမာရေးအညှိုးကြုံတတ်သည်။ ဆောင်ရွက်နေသောပညာရေးရာကိစ္စများတွင် အဖျက်အနှောင့်အယှက်များဖြစ်ပေါ်မည်။ စာတွင်အာရုံစိုက်၍မရ။ စိတ်ပျံ့လွင့်နေမည်။ ဆရာများ၏ပြစ်တင်မှုကိုခံရတတ်သည်။ အပေါင်းအဖော်မှုမင်၍အပျော်အပါးဘက်နွယ်ခြင်း၊ မေတ္တာရေးအနှောင့်အယှက်များကြုံခြင်းကြောင့် ပညာအရည်အချင်းကျဆင်းမည်။ ပညာကိုစနစ်တကျလုပ်သူများပင် စာအုပ်စာတမ်းများပျောက်ဆုံးခြင်း၊ အိမ်တွင်းရေး၊ လူမှုရေးအနှောင့်အယှက်ကြုံခြင်းတို့ဖြစ်မည်။

■ **19 .2. 13 မှ 20 .3. 13** ကြား

■ **21 .4. 13 မှ 20 .5. 13** ကြား

■ **21 .8. 13 မှ 20 .9. 13** ကြားရက်များတွင်ဆောင်ရွက်သမျှထွန်းပေါက်မည်။ ရည်မှန်းထားသည်များကို အထင်အရှားအကောင်အထည်ဖော်နိုင်မည်။ ကိုယ်ပိုင်အစွမ်းအစနှင့်တက်လမ်းရမည်။ ပညာသင်တန်းများကြုံမည်။ အဆင့်မြင့်အတတ်ပညာများလေ့လာနိုင်မည်။ ပြည်ပကျောင်းလျှောက်ထားသူများအလိုပြည့်ဝမည်။ ပညာအတတ်နှင့်ဝေးကွာသူများပင်လျှင်ထူးခြားသောပညာသင်တန်းကြုံပေအံ့။ စာမေးပွဲဖြေဆိုရန်များရှိကလည်း ထိပ်တန်းမှအောင်မြင်မည်။ ပ

www.shweo.net

ညာအတွက်ရည်စူးဆောင်ရွက်မှုများ အခိုင်အမာရပေမည်၊ ပညာတစ်ဖက်၊ လုပ်ငန်းတစ်ဖက်တွဲဖက်လုပ်ကိုင်သူများတွင်လည်းထူးခြားသော အောင်မြင်မှုများရပေအံ့။

ပြိဿရာသီဖွားတို့သည် ပညာကိုလေ့လာသင်ကြားလျှင်သင်ကြားသလောက် ထွန်းထွန်းပေါက်ပေါက်အောင်မြင်နိုင်သည်။ အဆင့်မြင့်အတတ်ပညာများ၊ နိုင်ငံတကာအဆင့်အတတ်ပညာများ လေ့လာနိုင်သည်။ စာပေ၊ ဘာသာစကားရေးရာပိုင်းတွင်လည်း ထက်မြက်သည်။ သင်ကြားသောပညာကိုလည်း လက်တွေ့အသုံးချနိုင်သည်။ ပညာရပ်ကိုအခြေတည်သော လုပ်ငန်းများတွင်လည်း လုပ်ကိုင်အောင်မြင်နိုင်မည်။ လုပ်ငန်းခွင်ရောက်သည့်အခါ၌လည်း ပညာကိုလေ့လာရခြင်းရှိမည်။ အတတ်ပညာကိုအခြေတည်၍ **A, C, G, S, J** အက္ခရာနှင့်စသောတိုင်းပြည်များ သို့ရောက်ရှိမည်။ စာကြည့်သောအခါ မြောက်အရပ်၊ အရှေ့မြောက်အရပ်တို့ကို မျက်နှာမူ၍ စာကြည့်ပါ။ ကျောက်တုံး၊ ကျောက်တိုင်၊ ကျောက်တောင်ပန်းချီကားပုံများ စာကြည့်သောနေရာ အနီးအပါးတွင်ထားပါ။



## အိမ်တွင်းရေး၊ မိသားစုရေး

ပြိဿရာသီဖွားအားလုံးတို့သည် မိသားစုမောင်နှမသားချင်းများအပေါ် နားလည်မှုအပြည့်နှင့်ဆက်ဆံသည်။ ကိုယ်ရေးကိုယ်တာထက် မိသားစုအရေးကိုဦးစားပေးသည်။ တာဝန်သိသည်။ အတွယ်တာသံယောဇဉ်ကြီးသည်။ အိုးအိမ်အပေါ်သံယောဇဉ်ကြီးသည်။ မောင်နှမသားချင်းတို့၏ ဒဏ်ကိုခံနိုင်ရည်ရှိ ခံရကိန်းရှိသည်။ ဆွေမျိုးနှင့်မိဘအကြားဖြစ်ပေါ်သောပဋိပက္ခများကို တာဝန်ယူဖြေရှင်းရခြင်းများရှိမည်။ အနစ်နာခံမှုအပေါ် အခွင့်အရေးယူခံရတတ်သည်။ ဤတစ်နှစ်တာအတွင်းမိသားစုတွင် အလုပ်သစ်၊ စီးပွားသစ်များချဲ့ထွင်ဆောင်ရွက်နိုင်သည်။ လူမျိုးကွဲအကျိုးပေးသည်။ အိုးအိမ်နေရာထိုင်ခင်းပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်းများဆောင်ရွက်နိုင်မည်။ နေရာသစ်ဝင်ခြင်းလည်းရှိမည်။

■ **19 .2. 13** မှ **20 .3. 13** ကြား

■ **21 .6. 13** မှ **20 .7. 13** ကြား

■ **21 .11. 13** မှ **20 .12. 13** ကြားရက်များတွင်အိမ်၌အလုပ်မရှိသူအလုပ်ရမည်။ လုပ်ငန်းလုပ်ကိုင်နေသူများတွင်လည်းထူးခြားသောတိုးတက်မှုများရရှိမည်။ အလှူမင်္ဂလာကိစ္စများရှိမည်။ ကောင်းသောသတင်းစကားနှင့် တိုးတက်ခြင်းများ

www.shweo.net

ကြုံတွေ့ရမည်။ မိသားစုပိုင် လက်လွှန်ထားသည့်ငွေကြေးများ၊ ပစ္စည်းများလက်ဝယ်ပိုင်ဆိုင်ရရှိမည်။ မိသားစုပိုင်လုပ်ငန်းစီးပွားများကိုလည်း စနစ်တကျရင်းနှီးမြှုပ်နှံ၍ စတင်ဆောင်ရွက်လေသော် အကျိုးပေးမြန်ဆန်စွာနှင့် ထွန်းပေါက်အောင်မြင်မည်။ နေရာထိုင်ခင်းကိစ္စ၊ ပိုင်ဆိုင်မှုကိစ္စအတွက်ပြောဆိုခြင်းများ အောင်မြင်မည်။

■ **21 .3. 13 မှ 20 .4. 13 ကြား**

■ **21 .5. 13 မှ 20 .6. 13 ကြား**

■ **21 .10. 13 မှ 20 .11. 13** ကြားရက်များတွင်အိမ်တွင်းရေးအညှိုရှိသည်။ ပြင်ပမှပြဿနာများ အိမ်သို့သယ်ဆောင်လာသူရှိမည်။ ကျန်းမာရေးအညှိုများ တစ်ဦးပြီးတစ်ဦးကြုံမည်။ ရောင်းမှားဝယ်မှားဖြစ်၍ ဆုံးရှုံးနစ်နာရခြင်းများရှိမည်။ အပျက်အစီး၊ အကုန်အကျ၊ အပျောက်အရှများမည်။ အိမ်တွင်သြဇာကျဆင်းမည်။ အကောင်းပြော၍ အကောင်းမမြင်၊ အဆိုးအညှိုများလွှမ်းမိုးသည်။ အိမ်၊ မြေ၊ ကားအဝင်မတော်။ အတွင်းပစ္စည်းများပျောက်တတ်သည်။ မိသားစုလုပ်ငန်းတွင်အလုပ်သမားပြဿနာများ ဖြစ်ပေါ်မည်။ သက်ကြီးရွယ်အိုတို့၏ ကျန်းမာရေးအညှိုကြုံက မပေါ့အပ်။ အန္တရာယ်ကြီးသည်။



■ **21.4.13 မှ 20.5.13 ကြား**

■ **21.7.13 မှ 20.8.13 ကြား**

■ **21.9.13 မှ 20.10.13** ကြားရက်များတွင် အပြောင်းအလဲနှင့်တိုးတက်မှုများရှိမည်။ ဝန်ထမ်းရိုက အလုပ်အဆင့်တိုးတက်၍ နေရာကောင်းသို့ပြောင်းရွှေ့ရမည်။ အလုပ်နေရာ၊ နေအိမ်နေရာ အပြောင်းအလဲအတွက် စီစဉ်မှုများဆောင်ရွက်နိုင်မည်။ ခရီးသွားရန်အကြံအစည်ရှိသူများ အောင်မြင်မည်။ မိသားစုတွင် **(A, S, B, D, J)** အက္ခရာနှင့်စသောပြည်ပခရီးများပေါ်ထွန်းမည်။ က၊ သ၊ တ၊ ပ၊ မ၊ န အက္ခရာနှင့်ဆက်နွှယ်သော အရပ်နယ်မြေတို့တွင် အလုပ်ဆောင်ရွက်ခြင်း၊ နေအိမ်တိုးချဲ့ခြင်းတို့ကိုဆောင်ရွက်၍ အကျိုးရှိမည်။

www.shweo.net

## ၂၀၁၃ - ပြိဿရာသီဖွားတို့အတွက် ရေးရာအဖြာဖြာ ကံအခြေအနေ

| ရေးရာ / လ | Jan | Feb | Mar | Apr | May | June | July | Aug | Sept | Oct | Nov | Dec |
|---|---|---|---|---|---|---|---|---|---|---|---|---|
| အလုပ် | ကောင်း | သင့် | ကောင်း | ကောင်း | ကောင်း | သင့် | ကောင်း | ကောင်း | ကောင်း | ကောင်း | ညံ့ | ကောင်း |
| ငွေကြေး | ညံ့ | ညံ့ | ကောင်း | သင့် | ကောင်း | ညံ့ | သင့် | သင့် | ကောင်း | ညံ့ | ညံ့ | သင့် |
| မေတ္တာရေး | သင့် | ညံ့ | ကောင်း | သင့် | ကောင်း | ကောင်း | ကောင်း | ညံ့ | ကောင်း | သင့် | ညံ့ | ကောင်း |
| အိမ်ထောင်ရေး | သင့် | ညံ့ | ကောင်း | သင့် | ကောင်း | ညံ့ | ကောင်း | သင့် | ကောင်း | သင့် | ညံ့ | ကောင်း |
| မိသားစုရေး | ကောင်း | ညံ့ | ကောင်း | ညံ့ | ကောင်း | ညံ့ | ကောင်း | သင့် | ကောင်း | ကောင်း | ညံ့ | ကောင်း |
| လူမှုရေး | ကောင်း | ညံ့ | ကောင်း | ညံ့ | ကောင်း | ညံ့ | သင့် | ညံ့ | ကောင်း | သင့် | ညံ့ | ကောင်း |
| ပညာရေး | ကောင်း | သင့် | ကောင်း | ကောင်း | ကောင်း | သင့် | ကောင်း | ကောင်း | ကောင်း | ကောင်း | သင့် | ကောင်း |
| နိုင်ငံခြားကံ | ကောင်း | ကောင်း | ကောင်း | ကောင်း | ကောင်း | သင့် | ကောင်း | ကောင်း | ကောင်း | သင့် | ကောင်း | ကောင်း |
| ကျန်းမာရေး | သင့် | သင့် | သင့် | သင့် | သင့် | ညံ့ | ကောင်း | ကောင်း | သင့် | ကောင်း | သင့် | ညံ့ |
| ထီကံ | ညံ့ | ညံ့ | ကောင်း | သင့် | ကောင်း | ညံ့ | ကောင်း | ကောင်း | ကောင်း | ညံ့ | ညံ့ | ကောင်း |



## ၂၀၁၃-အသေးစိတ်ဟောကိန်း

### ■ Jan 1st မှ Jan 7th ကြား

အပြိုင်အဆိုင်၊ အတိုက်အခံအားလုံးကို ကျော်လွှား၍အဆင့်မြင့်အောင်မြင်မှုများ ဖန်တီးနိုင်မည်၊ မတော်တဆထိခိုက်တတ်သည်၊ လက်ဝယ်စုဆောင်းသိမ်းဆည်းထားသောငွေတို့ ဟိုအနည်းငယ်၊ ဒီအနည်းငယ်နှင့်ကုန်ခမ်းမတတ်သုံးစွဲပစ်ရတတ်သည်၊ ကိုယ်ရေးကိုယ်တာကိစ္စဦးစားပေး၍မရ၊ သူတစ်ပါးကိစ္စများအတွက် လူမှုန်းခံ၊ အချိန်ကုန်ခံပြီးဆောင်ရွက်ပေးနေရတတ်သည်၊ ယှဉ်ပြိုင်မှုများအောင်မြင်မည်၊ အတတ်ပညာကိုအခြေတည်၍ ဆောင်ရွက်သောလုပ်ငန်းများမှ ထူးခြားသောတိုးတက်မှုရရှိမည်၊ မိသားစုအကြီးအကဲကျန်းမာရေး အညံ့များရှိမည်၊ အရပ်ဝေးတွင်ရောက်ရှိနေသူများထံမှ ကောင်းသောသတင်းစကားကြားသိရမည်၊ ခရီးကိစ္စအစီအစဉ်များ လက်တွေ့ဆောင်ရွက်အောင်မြင်နိုင်မည်၊

### ■ Jan 8th မှ Jan 14th ကြား

ရန်ပဋိပက္ခများနှင့် ထိပ်တိုက်တွေ့မည်၊ ပြဿနာ

www.shweo.net

ဟောင်းများပြန်လည်ဖြေရှင်းရမည်။ ရန်အနှောင့်အယှက်ဟောင်းများနှင့် ပြန်လည်ရင်ဆိုင်ရမည်။ သူတစ်ပါးအတွက်လိုက်လံဆောင်ရွက်ရင်း စိတ်အနှောင့်အယှက်များဖြစ်ရတတ်သည်။ စာရွက်စာတမ်းကိစ္စ ကြားဝင်တာဝန်ယူခြင်း၊ အာမခံခြင်းမပြုရ။ သူတစ်ပါးကတိပျက်ကွက်ခြင်းကြောင့်ကိုယ်တွင်ပါ စိတ်အနှောင့်အယှက်ဖြစ်စရာများကြုံမည်။ အတွင်းပဋိပက္ခများ၊ အရှုပ်အထွေးများတစ်မျိုးပြီးတစ်မျိုးရင်ဆိုင်ဖြေရှင်းရမည်။ အထင်မှားခံရလိမ့်မည်။ စွပ်စွဲပြောဆိုခံရတတ်သည်။ နာမည်သိက္ခာထိခိုက်အောင်နှောင့်ယှက်ခြင်းများခံရမည်။ ရောင်းမှားဝယ်မှားဖြစ်နိုင်သည်။ ပစ္စည်းလောင်ခြင်းမပြုရ။ ဆုံးရှုံးမည်။ ခရီးသွားခြင်းကိစ္စအတွက် အနှောင့်အယှက်များရှိမည်။

## ■ Jan 15th မှ Jan 21st ကြား

မမျှော်လင့်ဘဲ စုပေါင်းတွဲဖက်လုပ်ကိုင်သောကိစ္စများပါဝင်ပတ်သက်ရမည်။ လူမျိုးကွဲ၊ လူမျိုးခြားအကျိုးပေးမည်။ အရပ်ဝေးနှင့် ပူးပေါင်းဆက်သွယ်လုပ်သောကိစ္စများမှအကျိုးကောင်းများရမည်။ ဆိုးမည်ဟုယူဆသတ်မှတ်ထားသည့်ကိစ္စများမှ ကောင်းသောအခြေအနေသစ်များကို



ဖြစ်ထွန်းစေပေလိမ့်မည်။ အမျိုးသမီးမိတ်ဆွေအကြီးအကဲတစ်ဦးထံမှထူးခြားသော အထောက်အကူကောင်းများရရှိမည်။ လုပ်ငန်းခွင်တွင်အကြီးအကဲမစမှုနှင့် အထောက်အကူကောင်းရမည်။ ပြီးမြောက်သွားပြီဟု မှတ်ယူထားသည့်ကိစ္စများအသစ်တဖန် ပြန်လည်ဆောင်ရွက်ရတတ်သည်။ ဝေးကွာနေသောချစ်သူဟောင်းများနှင့် ပြန်လည်ဆက်သွယ်အဆင်ပြေမည်။ မိသားစုဆိုင်ရာ အလုပ်အကြံအစည်များကို စနစ်တကျဆောင်ရွက်အကျိုးရှိမည်။

## ■ Jan 22nd မှ Jan 28th ကြား

နောက်ဆုံးအဆင့်ရောက်ခါမှ ဖရိုဖရဲကစဥ့်ကလျားနှင့်အဆုံးသတ်ရန် ခက်ခဲကြန့်ကြာခြင်းများရှိမည်။ လူယုံထား၍မရ။ အနီးဆုံးလူမှ ဒုက္ခပေးလိမ့်မည်။ အတွင်းသတင်းစကားပေါက်ကြားတတ်သည်။ မည်သည့်အရာကိုမဆိုလျှို့ဝှက်၍မရ။ ရှေ့တစ်မျိုး၊ ကွယ်ရာတစ်မျိုးဆက်ဆံခြင်းခံရလိမ့်မည်။ နေရာအပြောင်းအရွှေ့ကိစ္စ စီစဥ်မှုများအောင်မြင်လိမ့်မည်။ လူမျိုးကွဲ၊ ဘာသာကွဲ တရုတ်၊ ကုလားများနှင့်ဆောင်ရွက်သော ကိစ္စများမှကောင်းသောအကျိုးဆက်ရမည်။ ငွေပျောက်တတ်သည်။ ငွေချေးကဆုံးမည်။

www.shweo.net

လျှပ်စစ်မီးအန္တရာယ်၊ ဓာတ်ငွေ့မီးဖိုအန္တရာယ်များဂရုစိုက်ရမည်။ အချင်းချင်းမနာလိုမှုကြောင့် ညီညွတ်မှုပျက်ယွင်းကာလုပ်ကိုင်သောလုပ်ငန်းများ မအောင်မမြင်နိုင် ဖြစ်ရလိမ့်မည်။

## ■ Jan 29th မှ Feb 4th ကြား

ဆောင်ရွက်သမျှ ထွန်းထွန်းပေါက်ပေါက်နှင့်အလိုရှိသလောက်အောင်မြင်မည်။ ရန်အတိုက်အခံအနှောင့်အယှက်အားလုံးကို ကျော်လွှားနိုင်မည်။ ပေါ်ပေါက်လာသောအခြေအနေအကြောင်းအရာမှန်သမျှအပေါ် တမဟုတ်ချင်းဆုံးဖြတ်၍အရှိန်အဟုန်ပြင်းထန်စွာ လက်ငင်းအကောင်အထည်ဖော်လုပ်ကိုင်လိုက်ပါ။ အလုပ်အကြွေးမထားရ၊ ငွေအစုလိုက်ဝင်နိုင်သည်။ အကျိုးအမြတ် ထူးခြားစွာရနိုင်သည်။ ကာလအတန်ကြာ ဆိုင်းငံ့ထားသောကိစ္စများပြန်လည်ဆောင်ရွက်အဆင်ပြေမည်။ မိသားစုအလုပ်စီးပွားတိုးတက်မည်။ လျှို့ဝှက်၍မရ၊ လုပ်ဆောင်သမျှ လူသိထင်ရှားဖြစ်မည်။ မြှုပ်နှံသောငွေကြေးများမှ အကျိုးအမြတ်ကောင်းရမည်။ အလုပ်အဆင့်တိုးမည်။ ဝင်ငွေတိုးမည်။ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စများကို အောင်မြင်အောင်ဆောင်ရွက်နိုင်လိမ့်မည်။



## ■ Feb 5th မှ Feb 11th ကြား

မတော်တဆထိခိုက်မှု အထူးသတိရှိပါ။ မောင်းနှင်နေကျယာဉ်ကားများပင်လျှင် သတိနှင့်ကိုင်တွယ်ရမည်။ စက်ပစ္စည်းများနှင့်ပတ်သက်၍ မတော်တဆထိခိုက်မှုအန္တရာယ်ဖြစ်ပေါ်တတ်သည်။ စကားကတိမတည်သူများနှင့်တွေ့တတ်သည်။ အစွယ်ရှိသတ္တဝါ၊ အဆိပ်ရှိသတ္တဝါအန္တရာယ်ဂရုစိုက်ရမည်။ စီမံထားသည်များနှင့် လက်တွေ့ဆောင်ရွက်ရမှုတို့ အလွဲလွဲအချော်ချော်ဖြစ်နေမည်။ သံသယဖြစ်မထားသင့်သူအားထားခြင်း၊ အချစ်မှားခြင်းများဖြစ်မည်။ ပျိုရွယ်သူများအဖို့ မိမိကြောင့်သူတစ်ပါးမျက်ရည်ပေါက်ကြီးငယ်ကျရတတ်သည်။ မိဘ၊ မောင်နှမသားချင်းများနှင့်မိမိအကြားပဋိပက္ခများဖြစ်ပေါ်မည်။ ပစ္စည်းလှောင်ခြင်းမပြုရ။

## ■ Feb 12th မှ Feb 18th ကြား

အရေးပါသောဆုံးဖြတ်ချက်များ ချမှတ်ရမည်။ အခက်အခဲများပြေလည်အောင် ဖြေရှင်းနိုင်မည်။ ဦးတည်ချက်သစ်နှင့်ဆောင်ရွက်ခြင်း၏ အကျိုးဆက်ကောင်းကိုရရှိမည်။ နေအိမ်နေရာအသစ်ရွှေ့ထွင်ခြင်း၊ တည်ဆောက်ခြင်း

www.shweo.net

များကြုံမည်၊ မူလတစ်ကြိမ်မှ မလုပ်ဖူးသေးသောအလုပ်သစ်၊ စီးပွားသစ်တို့ကိုလက်တွေ့ဆောင်ရွက်၍ ထွန်းထွန်းပေါက်ပေါက်အောင်မြင်ခြင်းရှိမည်၊ ပညာအတတ်နှင့်ပတ်သက်သောအကျိုးဆက်ကောင်းများ ရရှိမည်၊ ပြဿနာများ၊ အထင်အမြင်လွဲမှားခံရမှုများ၊ အတိုက်အခိုက်များကြားမှထွင်းဖောက်၍ တိုးတက်မှုများဖြစ်ပေါ်မည်၊ တစ်ပါးသူနှင့်တွဲဖက်လုပ်ခြင်းထက် တစ်ကိုယ်တော်တစ်ဦးတည်းဆောင်ရွက်၍ အကျိုးရှိလိမ့်မည်၊

## ■ Feb 19th မှ Feb 25th ကြား

အရွေးရခက်အောင် အခွင့်အရေးနှစ်ခုတစ်ပြိုင်နက်တည်းပေါ်မည်၊ တစ်ခုထက်မကသောအလုပ်ကိစ္စများတစ်ပြိုင်နက်တည်းဆောင်ရွက်ရမည်၊ ဝင်ငွေနှစ်မျိုးနှစ်ခုနှင့်စီးပွားတိုးရန်ဖြစ်သည်၊ ရပ်တန့်ထားသောအလုပ်ကိစ္စများပြန်လည်ဆောင်ရွက်နိုင်လိမ့်မည်၊ ခရီးကိစ္စပြောဆိုအဆင်ပြေမည်၊ အမှုပြဿနာများဖြေရှင်းအဆင်ပြေမည်၊ ငွေကြေးအပေးအယူ၊ လက်ပြောင်းလက်လွှဲကိစ္စများပင် စာရင်းဇယားမကိုက်ညီမှုများဖြစ်တတ်သည်၊ ကြာသပတေးနေ့၊ တနင်္လာနေ့မွေးသူများနှင့် ပြဿနာများ ရင်ဆိုင်ရမည်၊



တစ်ပါးသူအားလွှဲအပ်ထားသည့် အလုပ်ကိစ္စများကို ကိုယ်တိုင်ဖြေရှင်းပါက အလွယ်တကူအောင်မြင်စွာဆောင်ရွက်နိုင်မည်၊ မြှုပ်ထားသောငွေများပြန်ဖော်ရန် အခါကောင်းကျရောက်သည်၊

## ■ Feb 26th မှ Mar 3rd ကြား

သူတစ်ပါးကိစ္စအတွက် ကြားဝင်ဆောင်ရွက်ပေးနေရမည်၊ အလွယ်တကူဖြစ်သည်ဟူ၍မရှိ၊ အတိုက်အခံများနှင့်ထိပ်တိုက်ရင်ဆိုင်ရမည်၊ လုပ်ကိုင်ဆောင်ရွက်ပြီးသားကိစ္စကိုပင် အပြန်ပြန်အလှန်လှန်လုပ်ကိုင်နေရမည်၊ အသစ်တိုးချဲ့လုပ်ကိုင်နိုင်သည်ဟူ၍မရှိ၊ ပညာအတတ်နှင့်ဘဝရည်မှန်းချက်များအောင်မြင်မည်၊ ကာလရှည်ကြာကြိုးပမ်းရုန်းကန်ခဲ့သည်များ၏ အနှစ်သာရအကျိုးဆက်ကိုရရှိမည်၊ စုပေါင်းလုပ်ငန်းများ အကျိုးပေးမည်၊ အရပ်ဝေးနှင့်ပူးပေါင်းဆက်စပ်လုပ်သော လုပ်ငန်းများအကျိုးပေးမည်၊ မိသားစုအလုပ်စီးပွားများတိုးတက်မည်၊ ရုတ်တရက်ပေါ်ပေါက်လာသောစိတ်ကူးစိတ်သန်းတို့ကို လက်တွေ့အသုံးချရန်ဝန်မလေးသင့်၊ ဆွေမျိုးဒုက္ခပေးတတ်သည်၊ မောင်နှမသားချင်းအပူသင့်မည်၊

www.shweo.net

## ■ Mar 4th မှ Mar 10th ကြား

စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်မည်။ ယှဉ်ပြိုင်မှုများအောင်မြင်မည်။ အတတ်ပညာ၏ အကျိုးဆက်အနှစ်သာရကိုရရှိမည်။ အလုပ်ပိုကိစ္စပိုများ ဆောင်ရွက်ရလိမ့်မည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ ပြဿနာဟောင်းများပြန်လည်ဖြေရှင်းရမည်။ စိတ်မနှံ့သောသူကိုတွေ့လိမ့်မည်။ ထိုသို့တွေ့ပြီးရက်ပိုင်းအတွင်း ရှေ့တိုးမရရပ်တန့်ထားသော အလုပ်ကိစ္စများ အောင်မြင်စွာရှေ့တိုးဆောင်ရွက်နိုင်မည်။ ပညာသင်တန်းနှင့် ပတ်သက်သည်များကြုံမည်။ အကြီးအကဲထံမှအထောက်အကူကောင်းရမည်။ အဆင့်မြင့်အလုပ်တာဝန်များလုပ်ကိုင်အဆင်ပြေမည်။ သွား၊ သွားဖုံးဒုက္ခပေးမည်။ မျက်စိတွင်လည်းအန္တရာယ်ရှိသည်။ အသေးစားအန္တရာယ်ကျရောက်နိုင်သည်။

## ■ Mar 11th မှ Mar 17th ကြား

ယှဉ်ပြိုင်၍ထွန်းထွန်းပေါက်ပေါက် အောင်မြင်တိုးတက်ခြင်းတို့ကိုရရှိမည်။ စိတ်ကူးသစ်များအား လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ ကိုယ်ကလည်းသူတစ်ပါးအပေါ် အလွယ်တကူကတိမပေးရ။ တစ်ပါးသူပေးသော



ကတိကိုလည်းလွယ်လင့်တကူမယုံစားရ။ ငွေရေး၊ ကြေးရေးကိစ္စနှင့်လူမှုရေးကိစ္စ ရောယှက်ရှုပ်ထွေးခြင်းများဖြစ်တတ်သည်။ အတတ်ပညာနှင့် ဘဝအောင်မြင်မှုများဖြစ်ထွန်းမည်။ ရုတ်ချည်းဆုံးဖြတ်ပြီး သွားရောက်သောခရီးမှအကျိုးဆက်ကောင်းများရလာမည်။ သူတစ်ပါးအမှုအခင်းများ ကြားဝင်ဖြေရှင်းပေးရလိမ့်မည်။ ယာဉ်၊ ကားနှင့်ပတ်သက်သောပြဿနာများ ဖြေရှင်းရမည်။ ယုံကြည်မှုလွန်ကဲခြင်းကြောင့်ပြဿနာများ ဖြစ်ပေါ်လာမည်။

## ■ Mar 18th မှ Mar 24th ကြား

အညှံ့ကင်းစင်၍ စိတ်ချမ်းမြေ့ဖွယ်ရာများဆက်တိုက်ကြုံမည်။ ဆောင်ရွက်သမျှထွန်းပေါက်မည်။ အလှူမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ အလုပ်အကိုင်နှင့်စီးပွားရေးတွင် ကူညီသူများပေါ်ပေါက်မည်။ စုပေါင်းတွဲဖက်လုပ်သောလုပ်ငန်းများမှ ကောင်းစွာအကျိုးရှိမည်။ ပျိုရွယ်သူများအဖို့အချစ်ရေး၊ မေတ္တာရေးကံအထူးကောင်းသည်။ မိသားစုအတွက် အဓိကရည်စူးပြီးဆောင်ရွက်မှုများမှ အကျိုးထူးများရရှိမည်။ အရပ်ဝေးမှကောင်းသတင်းများကြားသိရမည်။ ခရီးကိစ္စနှင့်ပတ်သက်သော အစီအစဉ်များ

www.shweo.net

ဆောင်ရွက်အောင်မြင်မည်၊ ယှဉ်ပြိုင်မှုများတွင် သူတစ်ပါး ထက်နာတစ်ဖျားသာနိုင်သည့် အောင်နိုင်မှုကိုရရှိမည်၊ အ များတကာက လေးစားရသော အနေအထားကိုရောက်ရှိ မည်၊

## ■ Mar 25th မှ Mar 31st ကြား

အတွေးသစ်၊ ရည်ရွယ်ချက်သစ်များနှင့် စီစဉ် ဆောင်ရွက်မှုများမှ အောင်မြင်မှုများရရှိမည်၊ လူမျိုးကွဲအ ကျိုးပေးမည်၊ တစ်ခုထက်မကသော အလုပ်ကိစ္စများကို တစ်ပြိုင်နက်တည်းဆောင်ရွက်ရမည်၊ ပြဿနာများတစ် မျိုးပြီးတစ်မျိုးဖြေရှင်းရမည်၊ အမျိုးသမီးအကြီးအကဲတစ် ဦး၏ကျန်းမာရေးအတွက် အချိန်ကုန်၊ ငွေကုန်ခံပြီးကူညီ စောင့်ရှောက်ပေးရလိမ့်မည်၊ လုပ်ငန်းတွင်လည်း ကောင်း သောအကျိုးအမြတ်ဖြစ်ပေါ်မည်၊ ကြားဝင်တာဝန်ယူခြင်း၊ အာမခံခြင်းများရှောင်ကြဉ်ပါ၊ မြေ၊ ကား၊ အခန်းအလဲအလှယ် အပြောင်းအလဲများဖြစ်ပေါ်မည်၊ စရိုးကိစ္စနှင့်ပတ်သက်၍ နှောင့်နှေးနေသည်များ ပြန်လည်အဆင်ပြေမည်၊ ကိုယ်ပိုင် လုပ်ငန်းစီးပွားများတွင် လူမျိုးကွဲအကျိုးပေးခြင်းရှိမည်၊



## ■ Apr 1st မှ Apr 7th ကြား

စိတ်အနှောင့်အယှက်များမည်၊ ပစ္စည်းအ ပျောက်အရှများမည်၊ စိတ်ရှုပ်ထွေးစရာသတင်းစကားများ ကြားမည်၊ ကတိပျက်သူများနှင့်တွေ့မည်၊ စကားမတည်သူ များနှင့်ကြုံမည်၊ မိသားစုအတွက်အနစ်နာခံ၊ အမုန်းခံ၍ ပြောဆို လုပ်ကိုင်ရခြင်းများရှိမည်၊ လူလိမ်၊ လူရှုပ်များနှင့်ပူး ပေါင်း၍အလုပ်ကိစ္စများ ဆောင်ရွက်ရတတ်သည်၊ အထင် လွဲမှားမှုများဖြေရှင်းရလိမ့်မည်၊ စကားမတည်သူများနှင့် ကြုံတတ်သည်၊ နာမည်သိက္ခာထိခိုက်အောင် လိုက်လံ ဆောင်ရွက်ခြင်းများကြုံမည်၊ ကိုယ့်ထက်အသက်အရွယ် ကြီးရင့်သူများက စကားမတည်သောကြောင့် အပြောနှင့် လက်တွေ့မညီခြင်းများကြောင့် စိတ်ရှုပ်ရမည်၊ ပြန်လည်ရ ရှိလိမ့်မည်ဟု လုံးဝမမျှော်လင့်ထားသော ငွေကြေးပစ္စည်းရ ကိန်းကြုံမည်၊

## ■ Apr 8th မှ Apr 14th ကြား

ဆောင်ရွက်သမျှထွန်းပေါက်မည်၊ အတိုက်အခံ များသယောင်နှင့် အရာရာအောင်မြင်နိုင်သောကာလဖြစ် သည်၊ တစ်ပါးသူများအချိန်ရွှေ့ဆိုင်း၍ လုပ်ငန်းခွင်တွင်

www.shweo.net

စိတ်ဝင်စားမှုနည်းပါးနေခြင်းကြောင့် ကိုယ်ကထိုးဖောက်၍ ဆောင်ရွက်အောင်မြင်ခြင်းကြုံမည်။ အကြံသစ်များကိုအကောင်အထည်ဖော်ခြင်းထက် မလုပ်ရသေးသောအကြံအစည်ဟောင်းများကို လက်တွေ့ဆောင်ရွက်ရန်ဖြစ်သည်။ ရန်အတိုက်အခံနှင့် မတော်တဆအန္တရာယ်များကို အထူးပြုဂရုစိုက်ရမည်။ အိမ်ရှိအသက်အရွယ်ကြီးရင့်သူများကျန်းမာရေးအတွက် ဂရုစိုက်ရမည်။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများစနစ်တကျ ဝယ်ယူသုံးစွဲပါ။ ဝယ်ယူသောပစ္စည်းများအိမ်ရောက်မှ ပျက်ခြင်းများဖြစ်ပေါ်မည်။

## ■ Apr 15th မှ Apr 21st ကြား

အခွင့်အရေးသစ်များပေါ်ပေါက်မည်။ အတိုက်အခံကြားမှတိုးတက်မည်။ မိတ်ကောင်း၊ ဆွေကောင်းများထံမှအထောက်အကူကောင်း ရရှိမည်။ ရင်းနှီးသူများနှင့်စကားများရတတ်သည်။ တစွတ်ထိုးလုပ်ကိုင်ခြင်းများကြောင့်အသေးစားပြဿနာများ ကြီးကြီးမားမားဖြေရှင်းရမည်။ မလိုအပ်ဘဲစကားမဆိုနှင့်။ စကားအမှားပါတတ်သည်။ ဆုံးဖြတ်သင့်သည်များကိုရဲရဲဆုံးဖြတ်၍ ရှေ့တိုးဆောင်ရွက်ပါ။ နေအိမ်နေရာ၊ အလုပ်နေရာဝန်းကျင်အလုံးစုံ၌ ကောင်းသော



အပြောင်းအလဲများဖြစ်ပေါ်မည်။ ဖွဲ့စည်းမှုသစ်နှင့်လုပ်ငန်းနေရာအပြောင်းအလဲများကြုံမည်။ ကိုယ်ကအလောတကြီးဆောင်ရွက်လင့်ကစား တစ်ပါးသူတို့ကအချိန်ဆွဲ၍ နှောင့်နှေးခြင်းများ၊ ကြန့်ကြာခြင်းများဖြစ်ပေါ်မည်။ စီစဉ်ထားသောခရီးပျက်မယောင်ဖြစ်ပြီးမှ အဆင်ပြေမည်။

## ■ Apr 22nd မှ Apr 28th ကြား

တစ်ခုထက်မကသော အလုပ်ကိစ္စအားလုံးကိုတစ်ပြိုင်နက်တည်း လုပ်ကိုင်နေရလိမ့်မည်။ စတင်ဆောင်ရွက်လိုက်သောကိစ္စအားလုံးတို့သည်လည်း ဆုံးခန်းတိုင်အောင်မရောက်ဘဲ တစ်ပိုင်းတစ်စဖြစ်မည်။ အကြံသစ်များအကောင်အထည်ဖော်နေဆဲ ဆိုင်းငံ့ထားသောလမ်းဟောင်းများကိုပြန်လည်ဆောင်ရွက်ရန် အနေအထားရှိမည်။ ရပ်တန့်ထားသောလုပ်ငန်းများကို ပြန်လည်စတင်ဆောင်ရွက်ရလိမ့်မည်။ တစ်ပါးသူနှင့်ဆန့်ကျင်ဘက် ပြောဆိုလုပ်ကိုင်လိုစိတ်များပေါ်ထွန်းနေမည်။ ရင်းနှီးသူများနှင့်မကြာခဏစကားများရမည်။ အရပ်ဝေးမှကောင်းသောသတင်းစကားများကြားသိကြုံတွေ့မည်။ ပညာအတတ်ကိုအခြေခံ၍ဘဝတိုးတက်မှုများရရှိမည်။ ခရီးသွားမည့်အစီအစဉ်များအောင်မြင်မည်။

www.shweo.net

### ■ Apr 29th မှ May 5th ကြား

အလိုရှိသောအကြောင်းအရာများ၊ မျှော်လင့်တောင့်တနေသောအရာများ အပြည့်အဝဖြစ်ထွန်းမည်။ စိတ်ဆန္ဒတွင်ရှိနေသော အကြောင်းအရာများကို သူတစ်ပါးကသိ၍ ကူညီဖော်ထုတ်ပေးသည်ဟု ထင်မှတ်ရလောက်အောင် တိုက်ဆိုင်စွာ အလုပ်အကြံအစည်များ ဖြစ်ထွန်းမည်။ အလုပ်အဆင့်တိုးတက်မည်။ ဝင်ငွေတိုးပွားမည်။ ပြိုင်ဆိုင်မှုများအောင်မြင်မည်။ စန်းပွင့်မည်။ မိတ်ဆွေအကြီးအကဲများထံမှ ကောင်းသောအထောက်အကူရရှိမည်။ အလုပ်လျှောက်၊ အလုပ်ရှာ၍ တိုးတက်မည်။ မိသားစုနှင့်ပတ်သက်သော အလုပ်စီးပွားအကြံအစည်များ ဆောင်ရွက်အောင်မြင်မည်။ မြှုပ်နှံထားသောငွေကြေးမှ ကောင်းသောအကျိုးအမြတ်ရရှိမည်။ ပျိုရွယ်သူများအဖို့ နီးစပ်သူများနှင့် သံယောဇဉ်အနှောင်အဖွဲ့ကြုံမည်။ ဝေးကွာနေသူများနှင့် ပြန်လည်ဆုံစည်းမည်။

### ■ May 6th မှ May 12th ကြား

စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ ကံခေခြင်း၊ ရင်းနှီးသောသူများနှင့်ပဋိပက္ခဖြစ်ခြင်း၊ သံယောဇဉ်ရှိသူများနှင့်



ခွဲခွာရခြင်းများလွှမ်းမိုးနေသည်။ အပျောက်အရှ၊ အကုန်အကျများမည်။ ရင်းနှီးသောသူများနှင့် စကားများရမည်။ ရန်အပြိုင်အဆိုင်များ တစ်မျိုးပြီးတစ်မျိုးဖြစ်ပေါ်မည်။ စီစဉ်မထားသောလုပ်ငန်းများလုပ်ရမည်။ ရည်မှန်းမထားသောကုန်ကျမှုများ ဆက်တိုက်ဖြစ်ပေါ်မည်။ ဦးတည်ဖြတ်သန်းရာလမ်းကြောင်း၌ အတားအဆီးအတိုက်အခံကြုံမည်။ ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ထားသောကိစ္စများကိုတစ်ပါးသူအကြံပေးသည့်အတိုင်း ဦးတည်ချက်ပြောင်း၍လုပ်ကိုင်ရာမှ လမ်းကြောင်းမှားကာအကျိုးဖြစ်ထွန်းမှုဆိုင်းငံ့သွားမည်။ ငွေချေးကာဆုံးလိမ့်မည်။ ပြဿနာဖြစ်နေသူများ၏ကိစ္စများကို လိုက်လံကူညီဆောင်ရွက်ပေးနေရမည်။

### ■ May 13th မှ May 19th ကြား

ယှဉ်ပြိုင်မှုများအောင်မြင်၍ ပြဿနာအခက်အခဲများဖြေရှင်းနိုင်မည်။ တစ်ပါးသူဆောင်ရွက်ထားသည့် အရှုပ်အထွေးပြဿနာများကို ကိုင်တွင်ဖြေရှင်းရမည်။ အိမ်တွင်းရေး၊ လူမှုရေးပြဿနာများ တစ်မျိုးပြီးတစ်မျိုးဖြေရှင်းရမည်။ တစ်ပါးသူကတိပျက်ကွက်၍ လုပ်ငန်းများရပ်တန့်

www.shweo.net

ရမလိုဖြစ်နေရာမှ ဦးတည်ချက်ပြောင်းကာလုပ်ကိုင်ရခြင်း ဖြင့်မူလစီစဉ်ထားသည်ထက်ပို၍ပင် အောင်မြင်အဆင်ပြေမှုများတွေ့ရမည်။ အရေးကြီးသောစာရွက်စာတမ်းများလုံခြုံစွာသိမ်းပါ။ ပျောက်ရတတ်သည်။ လုပ်ကိုင်ဆောင်ရွက်မည့်ကိစ္စကို ကြိုတင်ကြေညာမောင်းခတ်ခြင်း မပြုရ။ အတားအဆီးများနှင့်ကြုံတတ်သည်။ မိမိအကြံဉာဏ်ကိုအတုယူ၍လက်ဦးအောင်ဆောင်ရွက်သူများနှင့်ကြုံတတ်သည်။

## ■ May 20th မှ May 26th ကြား

လိုရာဆန္ဒအလုံးစုံ လက်တွေ့အကောင်အထည်ဖော် နိုင်သည်။ ကာလအတန်ကြာ ဖြစ်လိုသောအခွင့်အရေးများကိုလက်တွေ့ ဆောင်ရွက်အဆင်ပြေမည်။ အကျဉ်းထောင်နှင့်ပတ်သက်သောပုံ၊ ပန်းချီအစရှိသည်များအိမ်သို့ရောက်ရှိပြီးရက်ပိုင်းအတွင်း ထူးခြားသောကံကောင်းမှုများဖြစ်ပေါ်မည်။ အလျှုမင်္ဂလာကိစ္စများပေါ်ပေါက်မည်။ ကိုယ်ပိုင်ဉာဏ်စွမ်းအားမြင့်မား၍ လုပ်သမျှတိုးတက်ခြင်းရှိမည်။ အဆင်ပြေမည်ဟု မျှော်လင့်မထားသောကိစ္စများကို လက်တွေ့လုပ်ကိုင်၍ အကျိုးဖြစ်ထွန်းမှုများရှိလာမည်။ အတတ်ပညာကိုအခြေတည်၍တိုးတက်မှုကြုံမည်။အနီးကပ်မိတ်ဆွေများ



ထံမှအထောက်အကူများကိုအသုံးချ၍ အဆင့်မြင့်တက်လမ်းများကြုံမည်။ အရေးကြီးသော ဆုံးဖြတ်ချက်များချမှတ်ပါ။

## ■ May 27th မှ June 2nd ကြား

ပြဿနာများဖြေရှင်းရမည်။ မူလမှန်းထားသည်နှင့်လက်တွေ့လုပ်ကိုင်ရခြင်းများ အလွဲလွဲအချော်ချော်ဖြစ်နေမည်။ ကိုယ်ပိုင်အစွမ်းအစကိုအသုံးချ၍ အဆင့်မြင့်အောင်မြင်မှုများရရှိလာမည်။ သဘောထားကွဲ၍ လုပ်ငန်းတူသူနှင့် လမ်းခွဲရခြင်းမျိုးရှိမည်။ အမှုအခင်းများဖြစ်လွယ်သည်။ ရုံးရောက်၊ ဂါတ်ရောက် လိုက်လံဖြေရှင်းရမည်။ ရောင်းမှား၊ ဝယ်မှားဖြစ်တတ်သည်။ ပစ္စည်းပျောက်မည်။ အကြီးအကဲများ ကျန်းမာရေးချူချာမည်။ အတွင်းပဋိပက္ခများဖြေရှင်းရမည်။ ပန်းခြံတစ်ခုအတွင်း ဖွင့်လှစ်ထားသောစားသောက်ဆိုင်တစ်ခု၌ လိုက်လံစားသောက်ရမည်။ ထိုသို့ကြုံပြီးရက်ပိုင်းအတွင်း ကောင်းခြင်းကံများတစ်စစပေါ်ပေါက်လာမည်။ အနစ်နာခံ၍ ဆောင်ရွက်ထားသည်များမှ အကျိုးအမြတ်ကောင်းများရရှိမည်။

www.shweo.net

## ■ June 3rd မှ June 9th ကြား

ပြဿနာများတစ်မျိုးပြီးတစ်မျိုး ဖြစ်ပေါ်လာမည်။ ခက်ခဲနက်နဲသောကိစ္စများ ရင်ဆိုင်ဖြေရှင်းရမည်။ သူတစ်ပါးကလွယ်လင့်တကူကိစ္စရပ်များကို ကိုယ်လုပ်၍အခက်အခဲဖြစ်ပေမည်။ ပစ္စည်းလှောင်ခြင်း၊ ဈေးကစားခြင်းမပြုရ။ ဆုံးဖြတ်ချက်မှား၍ ဆုံးရှုံးနစ်နာခြင်းများဖြစ်တတ်သည်။ လက်လွှန်ထားသောငွေများ ပြန်လည်တောင်းခံရရှိမည်။ ပြဿနာဟောင်းများပြေလည်မယောင်ဖြစ်ပြီးမှ ပြန်လည်ဖြေရှင်းရမည်။ အမှုပြဿနာမကင်းသော အရောင်းအဝယ်ကိစ္စများကြုံမည်။ ဓါတ္တသည်များနေအိမ်သို့ ရောက်လာတတ်သည်။ လိမ်ညာလှည့်စားသူများကြောင့် စိတ်အနှောင့်အယှက်ဖြစ်တတ်သည်။ ဆုံးဖြတ်ချက်မှားယွင်း၍ ငွေကြေးဆုံးရှုံးခြင်းများဖြစ်မည်။ မတော်တဆထိခိုက်မှုအန္တရာယ် ဂရုစိုက်ရမည်။

## ■ June 10th မှ June 16th ကြား

ခက်ခဲမည်ဟုမှတ်ထင်ထားသော ကိစ္စမှန်သမျှအောင်မြင်အောင်ဆောင်ရွက်နိုင်မည်။ အခက်အခဲများကျော်လွှားနိုင်မည်။ ခရီးသွား၍အကျိုးရှိမည်။ လုပ်ရှားဆောင်ရွက်ခြင်းများမှ ထူးခြားသောအကျိုးဆက်ရရှိမည်။ ငွေကြေး၊ လာဘ်လာဘတိုးပွားမည်။ မထင်မှတ်ဘဲငွေဝင်မည်။ မိမိဝန်းကျင်တွင် အပြောင်းအလဲများဖြစ်ပေါ်မည်။ ဆောင်ရွက်သမျှ လူသိထင်ရှားဖြစ်မည်။ ထင်ပေါ်ကျော်ကြားခြင်းကိုကြုံမည်။ ယာဉ်စက်ပစ္စည်းများနှင့်ပတ်သက်၍ မတော်တဆဖြစ်ပေါ်နိုင်သည်။ ကိုယ်နှင့်ပတ်သက်မှုမရှိသောကိစ္စများကြားဝင်ဖြေရှင်းခြင်းမပြုရ။ ကိုယ်တိုင်၏ကျန်းမာရေး၊ မိသားစုတို့၏ကျန်းမာရေးကို အထူးပြုဂရုစိုက်ရမည်။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများ တစ်မျိုးပြီးတစ်မျိုးပျက်စီးမည်။

## ■ June 17th မှ June 23rd ကြား

ဆက်ဆံနေသောဝန်းကျင်အတွင်းအပြောင်းအလဲများဖြစ်မည်။ ရည်ရွယ်ချက်သစ်များ လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ ဦးတည်ချက်သစ်နှင့် ဆောင်ရွက်သောလုပ်ငန်းများမှ တက်လမ်းများပေါ်ထွန်းမည်။ နေအိမ်ပြင်ဆင်ခြင်း၊ တိုးချဲခြင်းလုပ်ငန်းသစ်၊ စီးပွားသစ်ချဲ့ထွင်ခြင်းတို့ကို ထင်ရှားစွာဆောင်ရွက်နိုင်မည်။ လမ်းသစ်ထွင်၍လုပ်သောကိစ္စများမှ ထူးခြားသောအကျိုးဆက်များ ဖြစ်ပေါ်

www.shweo.net

လာမည်၊ တူညီသောလုပ်ငန်းများကိုပင် သူတစ်ပါးနှင့်ခြားနားအောင် တစ်မူထူး၍ ဆောင်ရွက်နိုင်မှုပေါ်ထွန်းမည်၊ ဆောင်ရွက်ထားပြီး ကြန့်ကြာနေသောရပိုင်ခွင့်ဟောင်းများပြန်လည်ရရှိမည်၊ လူမျိုးကွဲအကျိုးပေးမည်၊ ငွေဝင်လမ်းသစ်ပေါ်ထွန်းသည်၊ ပညာအတတ်နှင့်ပတ်သက်၍ ထွန်းထွန်းပေါက်ပေါက် စွမ်းဆောင်နိုင်ခြင်းရှိမည်၊

## ■ June 24th မှ June 30th ကြား

စကားပဋိပက္ခများပြောရမည်၊ ဆန့်ကျင်ဘက်မြူသူများနှင့်တွေ့မည်၊ မူလလမ်းကြောင်းမှခွဲထွက်၍ တက်လမ်းသစ်များဖန်တီးနိုင်မည်၊ ချစ်သူခင်သူများနှင့် စကားများရတတ်သည်၊ ဝေးကွာနေသူများနှင့် ပြန်လည်ဆုံစည်းကိန်းရှိသည်၊ အရပ်ဝေးနိုင်ငံရပ်ခြားနှင့်ဆက်စပ်၍ ကောင်းသောသတင်းစကားများကြားသိရမည်၊ အလုပ်(၂)မျိုးတစ်ပြိုင်နက်တည်းလုပ်ကိုင်ရလိမ့်မည်၊ အပြောင်းအလဲကိစ္စအတွက် စီစဉ်ဆောင်ရွက်မှုများအောင်မြင်မည်၊ အိမ်တွင်းရေးပဋိပက္ခများရှိမည်၊ လူမှုရေးအတိုက်အခံများ ဖြေရှင်းနိုင်မည်၊ မနာလိုအပြိုင်အဆိုင်တိုက်ခိုက်သူများနှင့်ယှဉ်ပြိုင်ဖြေရှင်းရခြင်းများရှိမည်၊ အတိုက်အခံယှဉ်ပြိုင်စိန်ခေါ်သူများ



ပေါ်ပေါက်မည်၊ ကိုယ်ကအနစ်နာခံပေးဆပ် ဆက်ဆံသူများကပင် ကိုယ့်အပေါ်ဒုက္ခပေးလိမ့်မည်၊

## ■ July 1st မှ July 7th ကြား

နာမည်သိက္ခာထိခိုက်အောင် လိုက်လံနှောင့်ယှက် တိုက်ခိုက်သူများနှင့်တွေ့တတ်သည်၊ စိတ်ဆန္ဒမပါဘဲ လုပ်ကိုင်ရသောကိစ္စကြုံမည်၊ အိမ်ထောင်ရေးကိစ္စ၊ လူမှုရေးကိစ္စအရှုပ်အထွေးများကြုံတွေ့တတ်သည်၊ မိမိဆန္ဒမပါဘဲအကျပ်ကိုင်၍ စာရွက်စာတမ်းအတွင်း လက်မှတ်ရေးထိုးရခြင်းကြုံလိမ့်မည်၊ လျှို့ဝှက်စွာလုပ်ကိုင်ထားသောကိစ္စများ ပြန်လည်ဖြေရှင်းရမည်၊ ကိုယ့်ထက်အရည်အသွေးနိမ့်သူများမှ ကိုယ့်ကိုကျော်၍ နေရာယူခြင်းကိုခံရမည်၊ ငွေကြေးအပေးအယူကိစ္စများတွင် အထူးသတိရှိပါ၊ တတ်ကျွမ်းသောလုပ်ငန်းများကို အသုံးပြုလို့မရခြင်းမျိုးဖြစ်တတ်သည်၊ ငွေရေးကြေးရေးကိစ္စ၊ လုပ်ငန်းရေးရာကိစ္စများတွင် သတိနှင့်ယှဉ်၍ လုပ်ကိုင်ရမည်၊ သူတစ်ပါးကိုမှီခိုအားကိုး၍မရ၊ ဦးတည်ချက်သစ်နှင့် လုပ်သောကိစ္စများတွင် အောင်မြင်နိုင်လင့်ကစား အနှောင့်အယှက်ကြုံပြီးမှ အောင်မြင်မည်၊

www.shweo.net

## ■ July 8th မှ July 14th ကြား

ကိုယ့်ကိစ္စထက်သူတစ်ပါးကိစ္စများကို ဦးစားပေး၍လုပ်ကိုင်နေရမည်။ အနီးကပ်လူဒုက္ခပေးတတ်သည်။ ငွေမရသည့်အပြင် ကိုယ့်အိတ်ထဲမှ စိုက်ထုတ်သုံးစွဲရသောတာဝန်ကြီးများဆောင်ရွက်ရလိမ့်မည်။ အပျက်အစီး၊ အပျောက်အရှများတတ်သည်။ ဝင်သင့်ဝင်ထိုက်သော ငွေကြေးများနှောင့်နှေးခြင်းရှိမည်။ ရသင့်သည့်အခွင့်အရေးများကိုလိုက်လံနှောင့်ယှက် တားဆီးသူများနှင့်တွေ့ရမည်။ တနင်္ဂနွေနေ့ဗုဒ္ဓဟူးနေ့မွေးသောသူများနှင့်ဆက်နွယ်၍ စိတ်အနှောင့်အယှက်ဖြစ်စရာများကြုံမည်။ မိဘအကြီးအကဲကျန်းမာရေးချူချာမည်။ နာမည်ပျက်သိက္ခာကျနေသူများ၏ အမှုပြဿနာများ လိုက်လံဖြေရှင်းပေးရမည်။ သူတစ်ပါးမလုပ်လိုသောကိစ္စများ လုပ်ကိုင်ရမည်။ ငွေကြေးအပေးအယူကိစ္စများတွင် အငြင်းပွားဖွယ်ရာများရှိမည်။

## ■ July 15th မှ July 21st ကြား

စိတ်ခံစားချက်ကို ဦးစားပေး၍ ဆုံးရှုံးနစ်နာစရာများကြုံတတ်သည်။ ရန်အတိုက်အခံများနှင့်ဖက်ပြိုင်၍စိတ်အနှောင့်အယှက်ဖြစ်ရမည်။ ငွေကြေးကိစ္စ စကားများဖြေ



ရှင်းရမည်။ အိမ်တွင်းရေး၊ လူမှုရေးကိစ္စများဖြေရှင်းရမည်။ တစ်ပါးသူကြောင့်ဖြစ်သောပြဿနာများ ပြန်လည်ကိုင်တွယ်နေရမည်။ ကိုယ်ရေးကိုယ်တာ ဦးစားပေး၍မရ။ သူတစ်ပါးနှင့်ယှဉ်၍ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စများဆောင်ရွက်နေရမည်။ ပိုင်ဆိုင်မှုအတွက် အငြင်းပွားရခြင်းများရှိမည်။ သူတစ်ပါးမှအထင်လွဲအောင် နှောင့်ယှက်ဒုက္ခပေးသူများနှင့်ကြုံမည်။ ခရီးသွားရန်ကိစ္စများနှောင့်နှေးမည်။ ဆောင်ရွက်သောကိစ္စမှန်သမျှ အခက်အခဲနှင့်ထိပ်တိုက်ကြုံပြီးမှ အဆင်ပြေမည်။ ငွေကြေးအပေးအယူကိစ္စများတွင် အရှုပ်အထွေးများမည်။

## ■ July 22nd မှ July 28th ကြား

စိတ်ချမ်းမြေ့စရာများ ဖြစ်ပေါ်လာမည်။ ရန်အတိုက်အခံများကို ဖြေရှင်းနိုင်လိမ့်မည်။ ကူညီသူများပေါ်ပေါက်လာမည်။ အကုန်အကျများခြင်းများရှိလင့်ကစား လက်လွှန်သည်များ ပြန်လည်ရရှိလိမ့်မည်။ အမျိုးသမီးမိတ်ဆွေများထံမှ ထူးခြားသောအထောက်အကူကောင်းရလိမ့်မည်။ ရုတ်တရက်ဆုံးဖြတ်ပြီး ရှေ့တိုးလုပ်ကိုင်သည်များမှ ထင်ရှားသောအကျိုးအမြတ်ဖြစ်ပေါ်လာမည်။ ထူးခြားသော

www.shweo.net

ပန်းအိုး(၂)လုံး(သို့)ခွက်(၂)လုံးလက်ဆောင်ရလိမ့်မည်။ ထိုသို့ရပြီးထင်ရှားသောတိုးတက်မှုများ၊ အောင်မြင်မှုများရရှိလိမ့်မည်။ အရပ်ဝေးမှ ကောင်းသောသတင်းစကားများကြားသိရမည်။ လိုလားရာကိစ္စများ အဆင်ပြေခြင်းရှိမည်။ ဖြစ်လိုသောကိစ္စများအောင်မြင်အောင်ဆောင်ရွက်နိုင်မည်။

## ■ July 29th မှ Aug 4th ကြား

ဖြစ်ပေါ်လာသောအပြောင်းအလဲတို့ကိုအသုံးချ၍ အဆင့်မြင့်တိုးတက်မှုများ ဖန်တီးနိုင်မည်။ ငွေကြေးအကုန်အကျများမည်။ ပစ္စည်းအပျောက်အရှုများမည်။ ရင်းနှီးသူများနှင့်စကားများရမည်။ လူမျိုးကွဲ၊ လူမျိုးခြားများနှင့် တိုက်ရိုက်ဆက်စပ်၍ လုပ်ကိုင်သောလုပ်ငန်းမှ ထူးခြားသောအကျိုးဆက်ရရှိမည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်းငွေကြေးကိစ္စဆောင်ရွက်အဆင်ပြေမည်။ အိမ်ရှိအသက်အရွယ်ကြီးရင့်သူတို့၏ အသွားအလာဂရုစိုက်ပါ။ မတော်တဆ လဲပြိုထိခိုက်တတ်သည်။ မြေ၊ ကား၊ အခန်းအရောင်းအဝယ်ကိစ္စများ ကြားဝင်ဆောင်ရွက်ရင်း ပြဿနာများဖြစ်ပေါ်နိုင်သည်။ အရှုပ်အထွေးများ ကြုံနိုင်သည်။ ပစ္စည်းပျောက်ရှတတ်သည်။



## ■ Aug 5th မှ Aug 11th ကြား

ဆောင်ရွက်သောကိစ္စနှင့် ရည်မှန်းချက်အားလုံးအပြည့်အဝအောင်မြင်မည်။ ငွေကြေးဥစ္စာတိုးပွားမှုနှင့်ရည်ရွယ်ချက်အောင်မြင်မှုများ အခိုင်အမာဖြစ်ပေါ်မည်။ ပုံမှန်ထက်ငွေဝင်ခြင်းရှိမည်။ ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့် လိုရာဆန္ဒများကို စနစ်တကျအကောင်အထည်ဖော်နိုင်မည်။ အလုပ်အဆင့်တိုးတက်မည်။ ဆောင်ရွက်နေသောကိစ္စမှန်သမျှ ထွန်းထွန်းပေါက်ပေါက်နှင့် လုပ်ကိုင်အောင်မြင်ခြင်းရှိမည်။ ဆက်စပ်နေသောဝန်းကျင်အတွင်း အလုပ်အကိုင်တိုးတက်ခြင်း၊ ဝင်ငွေဥစ္စာတိုးပွားခြင်းများ ဖြစ်ပေါ်မည်။ ရင်းနှီးမြှုပ်နှံမှုများမှ ကောင်းသောအကျိုးအမြတ် ရရှိလာမည်။ ကိုယ်ပိုင်စိတ်ကူးအပေါ် လက်တွေ့အကောင်အထည်ဖော်ရန် ဝန်မလေးသင့်ပါ။ ပူးပေါင်းလာသူများကို လက်ခံနိုင်သည်။ ချစ်သူနှင့်ဝေးကွာပြတ်တောက်ပြီးနောက် ကာလရှည်ကြာအထီးကျန်ဖြစ်နေရာမှ ကမ်းလှမ်းလာသောအချစ်သစ်ကို လက်ခံသည့်အချိန်နှင့်တိုက်ဆိုင်စွာ အချစ်ဟောင်းမှ ပြန်လည်ဆက်နွယ်လာမည်။

www.shweo.net

### ■ Aug 12th မှ Aug 18th ကြား

မတော်တဆ ထိခိုက်မှုအန္တရာယ်များ ကြုံနိုင်သည်။ ကိုင်တွယ်နေကျမဟုတ်သော စက်ပစ္စည်းများမှအန္တရာယ်ဖြစ်စေမည်။ သတိချွတ်ချော်၍ အမှားကြုံနိုင်သည်။ သူတစ်ပါးအပေါ် အားကိုးမှုလွန်ကဲ၍ စိတ်သောကဖြစ်ရမည်။ ကြိုတင်တွက်ဆထားသည်များနှင့် လက်တွေ့ဖြစ်လာသည်တို့ တလွဲတချော်ဖြစ်မည်။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းနှင့်တကွ အဖိုးတန်ပစ္စည်းများကို ဝယ်ယူမြှုပ်နှံခြင်းငှာမသင့်။ အငြင်းအခုန်ပြုရခြင်း၊ ဆန့်ကျင်ပဋိပက္ခပြုသူနှင့်ထိပ်တိုက်ရင်ဆိုင်ရခြင်းရှိမည်။ ကိုယ့်အပေါ်ဒုက္ခပေးသောသူများ၊ ခုတုံးလုပ်အကျိုးရှာသူများနှင့် တွေ့ရတတ်သည်။ သူတစ်ပါးကတိစကားကိုယုံစားပြီး လုပ်ကိုင်သောကိစ္စများမှအစက်အခဲကြုံမည်။ သွား၊ သွားဖုံးနှင့်ပတ်သက်၍ ဆေးရုံ၊ ဆေးခန်းရောက်ကိန်းကြုံမည်။

### ■ Aug 19th မှ Aug 25th ကြား

ပေါ်ပေါက်လာသော အခွင့်အရေးသစ်တို့ကို လက်ရယူငင်အသုံးချသင့်သည်။ အခြေအနေအလုံးစုံသည် မူလတွက်ဆထားသည်နှင့် လုံးလုံးလျားလျား ခြားနားပေ



လိမ့်မည်။ အကုန်အကျများခြင်းနှင့် အတိုက်အခံအနှောင့်အယှက်များကြားမှ လိုရာဆန္ဒအလုံးစုံ ဆောင်ရွက်နိုင်လိမ့်မည်။ မူလလုပ်ကိုင်ရန်စီစဉ်ခြင်းမဆိုထားဘိ စိတ်ကူးတွင်ပင်မထည့်ထားသောကိစ္စများကို ရုတ်ချည်းလုပ်ကိုင်ရန် ဆုံးဖြတ်လိမ့်မည်။ ဖြစ်ပေါ်လာသောအပြောင်းအလဲများက နားမလည်နိုင်အောင်ဖြစ်လိမ့်မည်။ အရပ်တစ်ပါးနှင့်ဆက်သွယ်၍ ဆောင်ရွက်သောကိစ္စများမှ ကောင်းသောအကျိုးဆက်များဖြစ်ပေါ်လာမည်။ လူသစ်များနှင့်ဆက်ဆံရမည်။ လုပ်ငန်းခွင်အတွင်း၌ ထူးခြားသောအပြောင်းအလဲများဖြစ်ပေါ် လာမည်။ ငွေရေးကြေးရေးအပြောင်းအလဲကိစ္စတွင သတိ ရှိရမည်။

### ■ Aug 26th မှ Sept 1st ကြား

အခွင့်အရေးနှစ်မျိုး တစ်ပြိုင်နက်တည်းပေါ်မည်။ အတိုက်အခံကြားမှ တိုးတက်မည်။ ရပ်တန့်ထားသည့်ကိစ္စများကို ပြန်လည်ဆောင်ရွက်နိုင်မည်။ ရင်းနှီးသူများနှင့် စကားများရတတ်သည်။ ယှဉ်ပြိုင်မှုအောင်မြင်မည်။ မိတ်ကောင်းဆွေကောင်း အထောက်အကူရမည်။ သူတစ်ပါးနှင့် တွဲဖက်လုပ်ရာမှ မြင့်မားသောအနေအထားသို့ ရောက်ရှိ

www.shweo.net

မည်။ ငွေကြေးလာဘ်လာဘကံကောင်းသည်။ လိုရာဆန္ဒများကို ပြည့်ပြည့်ဝဝ နိုင်နိုင်မာမာ ဆောင်ရွက်အောင်မြင်နိုင်မည်။ သူတစ်ပါးနှင့်မတူခြားနားသောလမ်းကြောင်းမှ ထိုးဖောက်၍ အောင်မြင်မှုများရရှိမည်။

## ■ Sept 2nd မှ Sept 8th ကြား

ပဋိပက္ခများလွှမ်းမိုးနေသည်။ ဆန္ဒရှိသည်နှင့် လက်တွေ့ပြောင်းပြန်ဖြစ်နေမည်။ ကူညီမည့်သူရှိလျှက်ဆောင်ရွက်ရခက်နေသောအနေအထားရှိသည်။ ကိုယ်ကစေတနာနှင့်ကူညီမှုအပေါ်တွင်ပြဿနာများ၊အခက်အခဲများဖြစ်ပေါ်တတ်သည်။ ဖြစ်ပေါ်နေသောပြဿနာများ၏နောက်ကွယ်၌ အဆင့်မြင့်သောတိုးတက်မှုများဖြစ်ထွန်းမည်။ စုပေါင်းတွဲဖက်လုပ်သောကိစ္စများတွင် ပူးပေါင်းလုပ်ကိုင်သူတို့၏ ဒုက္ခပေးမှုကြောင့် အကျိုးအမြတ်လျော့ပါးတတ်သည်။ ဆုံးဖြတ်ထားပြီးကိစ္စအား ပြန်လည်ပြင်ဆင်ရန်မသင့်။ တနင်္လာနေ့၊ သောကြာနေ့မွေးသောသူတို့ကြောင့် ဖြစ်ပေါ်သောပြဿနာများကို ရင်ဆိုင်ဖြေရှင်းရမည်။ မစီစဉ်ဘဲခရီးသွားရမည်။ မရည်ရွယ်ဘဲ လုပ်ကိုင်သောကိစ္စမှ အကျိုးကောင်းရရှိမည်။



## ■ Sept 9th မှ Sept 15th ကြား

ငွေကုန်များမည်။ ကိုယ့်ကိစ္စမဟုတ်ဘဲ တစ်ပါးသူလုပ်ငန်း၏ကိစ္စများကို တာဝန်ယူဖြေရှင်းရမည်။ မတော်တဆထိခိုက်မှုအန္တရာယ် ဂရုစိုက်ရမည်။ မူလရည်ရွယ်ထားသည်နှင့် လက်တွေ့ကွာဟမည်။ စတင်ဆောင်ရွက်လိုက်သောကိစ္စမှန်သမျှ တစ်ပိုင်းတစ်စဖြစ်ခြင်းနှင့် အနှောင့်အယှက်ဖြစ်ခြင်းများကြုံရမည်။ လုပ်ငန်းချဲ့ထွင်ခြင်း၊ ငွေမြှုပ်နှံခြင်းများဆောင်ရွက်ရာမှ ဝင်ငွေထက် ထွက်ငွေများသောကိန်းဆိုက်မည်။ ချိန်ဆမှုပေါ့လျော့က ငွေကြေးအကျပ်အတည်းကြုံမည်။ မိဘအကြီးအကဲများ ကျန်းမာရေးအညံ့ရှိသည်။ ပညာသင်တန်းနှင့်ပတ်သက်၍ ထွန်းပေါက်တိုးတက်ခြင်းရှိမည်။ အစားအသောက်မှားယွင်းတတ်သည်။ဆေးထိုး၊ ဆေးသောက်မှားတတ်သည်။

## ■ Sept 16th မှ Sept 22nd ကြား

လုပ်ငန်းဟောင်းများ ပြန်လည်လုပ်ကိုင်ရန်အခြေအနေရှိသည်။ အဆက်အသွယ်ဟောင်းများနှင့် ပြန်လည်ဆက်သွယ်၍ တိုးတက်သောအခြေအနေကောင်းများကြုံမည်။ ပျိုရွယ်သူများ အချစ်ဟောင်းနှင့်ပြန်ဆုံမည်။ စာ

www.shweo.net

ရွက်တာတမ်း ငွေကြေးကိစ္စများ စကားပြောဆိုရမည်၊ သဘာဝမတူညီသောလုပ်ငန်း(၂)မျိုးကို တစ်ပြိုင်နက်တည်းလုပ်ကိုင်ရကိန်းကြုံမည်။ အိမ်တွင်းရေးပဋိပက္ခများရှိနေမည်။ အားနာလွယ်ယုံလွယ်ခြင်းကြောင့် လူမှုရေးပြဿနာများဖြေရှင်းရမည်။ လုပ်ငန်းအောင်မြင်မည်။ စီးပွားဥစ္စာတိုးပွားမည်။ အဆင်မပြေတော့ဟု၍ ယူဆထားသောကိစ္စများဆောင်ရွက်အဆင်ပြေမည်၊ ဆက်လက်မလုပ်တော့ဟု၍ စိတ်ဆုံးဖြတ်ထားသောကိစ္စများကို ဆက်လက်လုပ်ကိုင်ရကိန်းရှိသည်။

## ■ Sept 23rd မှ Sept 29th ကြား

ရည်ရွယ်ချက်အောင်မြင်ခြင်း၊ ရှိရင်းစွဲထက်ပိုမိုမြင့်မားတိုးတက်ခြင်းများကြုံမည်။ ရည်မှန်းထားသည်များလက်တွေ့အကောင်အထည်ဖော်ရန် အခြေအနေကောင်းကြုံမည်၊ မိတ်ဆွေအကြီးအကဲထံမှ အထောက်အကူကောင်းရရှိမည်၊ လူချစ်လူခင်ပေါများခြင်း၊ မိတ်ကောင်းဆွေကောင်းအထောက်အကူရခြင်းနှင့် အလုပ်စီးပွားတိုးတက်ခြင်းတို့ကိုကြုံတွေ့မည်။ မိမိအပေါ်မေတ္တာစေတနာနှင့်ကူညီသူများကိုကြုံမည်။ အလှူမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ ထူးခြားသောမင်္ဂလာပွဲကို သွားရောက်ရလိမ့်မည်။ ကျန်းမာရေးအညှို့ကြိုကမပေါ့အပ်။ ရေ့တွင်ပြေလည်အောင်ဆက်ဆံ၍ ကွယ်ရာရောက်က အတင်းအဖျင်းပြောကာ ဒုက္ခပေးသောရန်အနှောင့်အယှက်များကြုံမည်။

## ■ Sept 30th မှ Oct 6th ကြား

အလုပ်အကြီးအစည်များကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်မည်။ တစ်ပါးသူအပေါ်ယုံစား၍မရ၊ သစ္စာဖောက်ခံရတတ်သည်။ အမည်အလွဲသုံးစားလုပ်သူနှင့်တွေ့ကြုံမည်။ မြေပုံပါသောပစ္စည်းတစ်ခု လက်ဆောင်ရမည်။ ထိုသို့ရသောကာလမှ ရက်ပိုင်းအတွင်း ထူးခြားစွာတိုးတက်ခြင်းများကြုံမည်။ မနာလိုသူများဝန်းရံနေသည်။ ရန်အတိုက်အခံပြုသူများထိပ်တိုက်ကြုံမည်၊ ခရီးကိစ္စ၊ အပြောင်းအလဲကိစ္စများ ဆောင်ရွက်ရန်အခါသင့်သည်။ ပြည်ပနှင့်ပတ်သက်သောအကျိုးဆက်များဖြစ်ထွန်းမည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်၊ ရဲ့တွင်ဆောင်ရွက်သော အလုပ်အကြီးအစည်များမှ အောင်မြင်မှုအခွင့်ကောင်းများကြုံမည်၊ စိတ်ဖောက်ပြန်သူတစ်ယောက်၏ ဒုက္ခပေးခြင်းခံရမည်။

www.shweo.net

## ■ Oct 7th မှ Oct 13th ကြား

ဦးတည်ချက်ပြောင်း၍ အလုပ်အကြံအစည်များ လုပ်ကိုင်ရမည်။ ရည်မှန်းချက်သစ်များ လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ တွေးခေါ်မှုနှင့်ဆုံးဖြတ်ချက်များထက်မြက်မှန်ကန်မည်။ လုပ်ငန်းနှင့်ဆက်နွယ်၍ ချမှတ်သောဆုံးဖြတ်ချက်မှန်သမျှ စံမှန်အကျိုးပေးမည်။ ပူးတွဲလုပ်ကိုင်ခြင်းမှ အဆင့်မြင့်တိုးတက်ခြင်းများရရှိမည်။ အဆင့်မြင့်တာဝန်များကိုင်တွယ်၍ ဩဇာအရှိန်အဝါမြင့်မားမည်။ ပေါ်ပေါက်လာသောအခြေအနေကိုအသုံးချ၍ အလုပ်အကိုင်အကြံအစည်များကို လက်တွေ့ဆောင်ရွက်နိုင်မည်။ မတော်တဆထိခိုက်မှုအန္တရာယ်များ ဖြစ်ပွားလွယ်သည်။ ကိုယ်ပိုင်ဆုံးဖြတ်ချက်ကိုအလေးပေး၍ ရည်ရွယ်ချက်များအကောင်အထည်ဖော်နိုင်မည်။ ပညာအတတ်နှင့် ပတ်သက်ဆောင်ရွက်မှုများ အောင်မြင်မည်။

## ■ Oct 14th မှ Oct 20th ကြား

နေရာအပြောင်းအလဲများ ဆောင်ရွက်အောင်မြင်မည်။ ခရီးနှင့်ပတ်သက်သောအစီအစဉ်များ ရှေ့တိုးဆောင်ရွက်နိုင်မည်။ မူလစီစဉ်ထားသည်များနှင့် လက်တွေ့ကွာဟ



မည်။ ယခင်ဆိုင်းငံ့ထားသောလုပ်ငန်းဟောင်းများ ပြန်လည်စတင်နိုင်မည်။ ပြီးမြောက်ပြီဟု ယူဆထားသောလုပ်ငန်းဟောင်းများ ပြန်လည်ဆောင်ရွက်ရခြင်းရှိမည်။ အလွန်အမင်းဖြစ်လိုသောဆန္ဒများ လက်တွေ့ဆောင်ရွက်ရန်အခြေအနေသို့ရောက်လေသော် ရှေ့တိုးဆောင်ရွက်လိုစိတ်မရှိဘဲ ဆိုင်းငံ့ခြင်းပြုမည်။ ပဋိပက္ခအငြင်းပွားမှုများ၊ သဘောထားကွာဟခြားနားခြင်းများကြုံမည်။ မတော်တဆထိခိုက်မှုအန္တရာယ်များ ဖြစ်ပေါ်တတ်သည်။ စိတ်မနှံ့သူတစ်ဦး နေအိမ်အနီးအပါးတွင် အော်ဟစ်သွားလာနေသည်ကိုတွေ့သော် လွန်စွာကောင်း၏။ ငွေကြေးကံကောင်းခြင်းဖြစ်ပေါ်မည်။

## ■ Oct 21st မှ Oct 27th ကြား

မိတ်ကောင်းဆွေကောင်းများထံမှ ထူးခြားသောအထောက်အကူကောင်းရရှိမည်။ လုပ်ငန်းမရှိသူ လုပ်ငန်းရ၍ လုပ်ငန်းရှိသူတိုးတက်မည်။ အချစ်ရေး၊ မေတ္တာရေးကံကောင်းမည်။ စတင်ဆောင်ရွက်သောကိစ္စမှန်သမျှ ထွန်းထွန်းပေါက်ပေါက်အဆင်ပြေမည်။ တစ်ပိုင်းတစ်စဖြစ်နေသောကိစ္စရေးရာတို့ကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်

www.shweo.net

မည်။ ငွေကြေးအပေးအယူကိစ္စ သတိရှိရမည်။ အငြင်းပွားရတတ်သည်။ မိမိကိုယ်ကျိုးနှင့် ဆက်စပ်မှုမရှိသောအများကိစ္စများကို စိတ်စေတနာကောင်းနှင့် လုပ်ကိုင်ရာမှ စေတနာဝေဒနာဖြစ်ရသောမက နစ်နာဆုံးရှုံးမှုများကြုံတတ်သည်။ တစ်ပါးသူနိုက်ရန်ဖြစ်ပွားနေသည်ကိုလည်းကောင်း၊ ယာဉ်ကားတိုက်နေသည်ကိုလည်းကောင်း ဝင်ရောက်ဖြန်ဖြေခြင်း မပြုရ။

## ■ Oct 28th မှ Nov 3rd ကြား

အတတ်ပညာနှင့် ဘဝအောင်မြင်မှုရမည်။ အလုပ်ရည်ရွယ်ချက်မှန်သမျှ အောင်မြင်မည်။ စာရွက်စာတမ်းများ ပြန်လည်ပြင်ဆင်ချုပ်ဆိုခြင်းပြုရမည်။ ကတိဟောင်းကိုဖျက်၍ ကတိသစ်များပြန်လည်တောင်းဆိုရမည်။ တစ်ပါးသူတားဆီးနေသည့်ကြားမှ ဇွတ်လုပ်ရင်းတိုးတက်မှုများရရှိလာမည်။ မိဘအကြီးအကဲကျန်းမာရေးချူချာမည်။ အလှူမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရလိမ့်မည်။ မေတ္တာရေးတွင် ပဋိပက္ခများရှိမည်။ ကိုယ်ကမည်မျှလိုက်လျောစေ တမင်အရွဲ့တိုက်၍ နိုက်ရန်အမျက်ကိုလိုလားသူနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်။ ယာယီပြောင်းလာသောလူသစ် ဒုက္ခပေး



လိမ့်မည်။ သတိနှင့်ဆက်ဆံပါ။ ကိုယ်ကျိုးရှာ၍ ကိုယ့်အပေါ် အပြစ်ပုံချလိမ့်မည်။ ခရီးသွားရန် စီစဉ်ထားခြင်းများ အဆင်ပြေအောင်မြင်မည်။

## ■ Nov 4th မှ Nov 10th ကြား

အထင်လွဲခံရမည်။ စွပ်စွဲခံရမည်။ ပြဿနာများနှင့် ထိပ်တိုက်တွေ့မည်။ ရုံးရောက်ဂါတ်ရောက်ကိစ္စများကြုံမည်။ အိမ်တွင်းရေးပြဿနာများ တစ်မျိုးပြီးတစ်မျိုးပေါ်ထွက်မည်။ လူမှုရေးအရှုပ်အထွေးများ ပတ်သက်ဖြေရှင်းရမည်။ ရောင်းမှား၊ ဝယ်မှားဖြစ်မည်။ အလုပ်ရမည်။ လုပ်လိုသော လုပ်ငန်းများကို လုပ်ရခြင်းမဟုတ်။ ရရာလုပ်ငန်းကို လုပ်ရခြင်းကြုံမည်။ အရည်အချင်းကောင်းရှိလျက် အပြည့်အဝစွမ်းဆောင်နိုင်ခြင်း မရှိသလိုဖြစ်မည်။ လူပေါင်းမှားမည်။ သံယောဇဉ်အနှောင်အဖွဲ့ မှားယွင်းတတ်သည်။ သူခိုးဓားရိုးကမ်း၍ သစ္စာဖောက်သူနှင့်တွေ့ကာ ဒုက္ခပေးလိမ့်မည်။ အတွင်းလူ၊ အနီးကပ်လူများမှ လိမ်ညာလှည့်စား ဒုက္ခပွားစေမည်။ ငွေမချေးရ၊ ဆုံးမည်။ အာမခံခြင်း၊ တာဝန်ယူခြင်းမပြုရ။

www.shweo.net

## ■ Nov 11th မှ Nov 17th ကြား

တစ်ပါးသူစကား နားမယောင်ပါနှင့်။ အလောတကြီးဆုံးဖြတ်ခြင်း မပြုရ။ ကိုယ်မသိသောကိစ္စအား သိသယောင်မလုပ်အပ်။ ချင့်ချိန်တွေးဆနိုင်လေ အကျိုးရှိလေဖြစ်မည်။ စုပေါင်းလုပ်ငန်း အကျိုးပေးမည်။ အမျိုးသမီးအကြီးအကဲ အထောက်အကူရရှိမည်။ အတတ်ပညာကို အခြေတည်၍ အဆင့်မြင့်တက်လမ်းရရှိမည်။ အလှူမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ မင်္ဂလာဆောင်တစ်ခုသို့ သွားရောက်ပြီး လွန်စွာအမျက်ဒေါသထွက်၍ ပြန်လာသူတစ်ဦးနှင့် လမ်းတွင်ကြုံမည်။ ထိုသူနှင့်ပူးပေါင်း၍ အလုပ်ကိစ္စဆောင်ရွက်ဖြစ်လိမ့်မည်။ ထူးခြားစွာ အောင်မြင်မည်။ ကျန်းမာရေး အညှို့ကြိုက မပေါ့အပ်။ စားနေကျမဟုတ်သော အစားအသောက်များ စားသောက်ခြင်း မပြုရ။ သွားနေကျမဟုတ်သော လမ်းစီမ်း၊ ခရီးစီမ်း မသွားအပ်။

## ■ Nov 18th မှ Nov 24th ကြား

ရတ်တရက်ဦးတည်ချက်ပြောင်း၍ ဆောင်ရွက်လုပ်ကိုင်ခြင်းများမှ အောင်မြင်ခြင်းရရှိမည်။ အရပ်ဝေး၊ နိုင်ငံရပ်ခြားနှင့်ပတ်သက်သောကိစ္စများ ဆောင်ရွက်ရန်အခါ



သင့်သည်။ မိသားစုတွင်ကျန်းမာရေးအညှို့များကြုံမည်။ မြို့ကား၊ အခန်းအလဲအလှယ်အပြောင်းအလဲရှိမည်။ ငွေရေးကြေးရေးကိစ္စနှင့် လူမှုရေးကိစ္စရောထွေးခြင်းမရှိစေရ။ တစ်စုံတစ်ရာအကျိုးလိုလား၍ ချဉ်းကပ်လာသူများနှင့်ကြုံတတ်သည်။ သတိရှိပါ။ အမြတ်တနိုးတန်ဖိုးထားသည့်ပစ္စည်းများ ပျက်ဆီးဆုံးရှုံးတတ်သည်။ လောကအတွက်အဆင်းမှလဲပြိုကျ၍အရှိး၊ အဆစ်အန္တရာယ်ဖြစ်တတ်သည်။ လူမျိုးကွဲ၊ လူမျိုးခြားအကျိုးပေးမည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း နိုင်ငံခြားခရီးသွားရောက်ရလိမ့်မည်။

## ■ Nov 25th မှ Dec 1st ကြား

ကိုယ်စွမ်းကိုယ်စနှင့်အောင်မြင်ခြင်း၊ အခြေအနေသစ်ကိုအသုံးချ၍ ဘဝအောင်မြင်ခြင်းတို့ကို ကြုံနိုင်သည်။ သူတစ်ပါးအပေါ်ယုံစားအားထားပြီး လုပ်ကိုင်သည့်ကိစ္စများမှဆုံးရှုံးနစ်နာမှုများဖြစ်မည်။ အလုပ်အကြီးအစည်တစ်ခုမပြီးမြောက်ခင် အခြားသောအလုပ်အကြီးအစည်တစ်ခုလုပ်ရန်အခြေအနေပေးမည်။ ချစ်သူရှိသူများသည်ငြင်းဆန်ခြင်းငှာမပြုသာသည့် အချစ်သစ်၏လွှမ်းမိုးမှုကို ကြုံရ

ပေးမည်။ အကျိုးအမြတ်အတွက် အဓိကမမျှော်လင့်ချက်မထားဘဲ ဆန္ဒကြီးမားသော လုပ်ငန်းကိုရှေ့တိုးဆောင်ရွက်ခြင်းဖြင့်အောင်မြင်ခြင်းများ အနိုင်အမာဖြစ်ထွန်းမည်။ အတတ်ပညာနှင့်ဘဝတိုးတက်ခြင်းများဖြစ်ပေါ်မည်။ ခရီးသွား၍အကျိုးရှိမည်။ ပိုင်ဆိုင်မှုကိစ္စအငြင်းပွားစရာများကြုံမည်။ စကားအောင်မြင်မည်။

## ■ Dec 2nd မှ Dec 8th ကြား

ဆန္ဒပြင်းပြလွန်းသောကိစ္စများ တလွဲတချော်ဖြစ်မည်။ လုပ်ဆောင်နေကျမဟုတ်သောကိစ္စများကို အထူးအဆန်းအဖြစ်လုပ်ကိုင်ရာမှ အကျိုးမဲ့သောအညွှံအဆိုးများဖြစ်ပေအံ့။ ငွေကြေးသုံးဖြုန်းလိုစိတ်များတဖွားဖွားပေါ်မည်။ အခြားသူတစ်ပါး မြှောက်ထိုးပင့်ကော်စကားအပေါ် မနောကြည်မှု၍ ဖွတ်တိုးလုပ်ကာ အမှားကြုံမည်။ ရည်ကြာခိုင်မာမှုမရှိသောအချစ်ရေးကိစ္စပေါ်မည်။ ငွေကြေးပြဿနာများဖြေရှင်းရမည်။ စကားရှုပ်သူများနှင့်ကြုံမည်။ နာမည်ဂုဏ်သတင်းပျက်အောင် လုပ်ကြံတိုက်ခိုက်ခံရမည်။ ပူးတွဲလုပ်သူတို့၏အဆင်အခြင်မဲ့မှု၊ မသေမသပ်လုပ်ကိုင်မှုများကြောင့် ပြဿနာဖြေရှင်းရမည်။ ယာဉ်ကားကိစ္စလိမ်ညာခံရမည်။ လူမျိုးကွဲ၊ လူမျိုးခြားနှင့်ပြဿနာပဋိပက္ခများဖြစ်တတ်သည်။



www.shweo.net

## ■ Dec 9th မှ Dec 15th ကြား

လုပ်လေ့လုပ်ထမရှိသော အသစ်အဆန်းကိစ္စများဆောင်ရွက်၍ အကျိုးမရှိ။ မှန်ကန်သောဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်။ ရုတ်ချည်းဆုံးဖြတ်၍ ဆောင်ရွက်ခြင်းထက် အရာရာအပေါ် စနစ်တကျအချိန်ယူ၍သော်လည်းကောင်း၊ အတွေ့အကြုံအပေါ်သုံးသပ်၍သော်လည်းကောင်း ဆောင်ရွက်သင့်သည်။ လက်လွှတ်ထားသည်များပြန်လည်ရရှိမည်။ ကြန့်ကြာနေသည်များ ပြီးမြောက်အဆင်ပြေမည်။ အတတ်ပညာကိုအသုံးချ၍ အလုပ်အကြံအစည်တို့ကိုရှေ့တိုးလုပ်ကိုင်သင့်သည်။ ထူးခြားသောအထောက်အကူများကိုအမျိုးသမီးတစ်ဦးမှ လာရောက်ပေးလိမ့်မည်။ နာမည်အောင်မြင်မှုနှင့် အလုပ်တိုးတက်မှုတို့ ပူးတွဲဖြစ်ထွန်းမည်။ ငွေကြေးအကျိုးအမြတ်အတွက် အဓိကမထားဘဲ ဆောင်ရွက်ခြင်းမှ ထူးခြားသောအကျိုးအမြတ်ရရှိမည်။

## ■ Dec 16th မှ Dec 22nd ကြား

တစ်ပြိုင်နက်တည်း အလုပ်နှစ်မျိုးကိုလုပ်ကိုင်၍ တိုးတက်အောင်မြင်မှုများရရှိမည်။ ယခင်ကာလရှေ့တိုးဆောင်ရွက်၍မရသဖြင့် ဆိုင်းငံ့ရပ်တန့်ထားသောအလုပ်တို့

www.shweo.net

ကိုပြန်လည်ဆောင်ရွက်အဆင်ပြေမည်။ ပြဿနာအဟောင်း နှစ်ခုကိုပြီးပြတ်ပြေလည်အောင် ဖြေရှင်းနိုင်လိမ့်မည်။ ငွေကြေးအပေးအယူကိစ္စ စကားပြောဆိုခြင်းများတွင် ကြားဝင်ဆောင်ရွက်သူ၏မရိုးသားမှုကြောင့် ပြဿနာဖြစ်ပေါ်ကာဖြေရှင်းရလိမ့်မည်။ မတော်တဆ ထိခိုက်မှုအန္တရာယ်များ ဖြစ်ပေါ်တတ်သည်။ စကားမတည်သူများနှင့်တွေ့တတ်သည်။ ပြဿနာကိုဖြေရှင်းခြင်းထက် ပိုမိုရှုပ်ထွေးအောင်လုပ်သူများနှင့်ကြုံမည်။ တရွက်တတမ်းကိစ္စများ ပြောဆိုအဆင်ပြေမည်။

■ **Dec 23rd မှ Dec 31st ကြား**

ဆောင်ရွက်သမျှ အလွဲလွဲအချော်ချော်ဖြစ်ပြီးမှ အဆင်ပြေမည်။ ခရီးကိစ္စလုပ်ကိုင်အောင်မြင်မည်။ လူမျိုးကွဲ၊ လူမျိုးခြားများနှင့်ပူးပေါင်းလုပ်သော ကိစ္စများမှထူးခြားသောအကျိုးအမြတ်ကောင်းရရှိမည်။ ညာခြေ၊ ညာလက်တွင်မတော်တဆထိခိုက်မှု ဖြစ်လွယ်သည်။ ယာဉ်၊ စက်ပစ္စည်းဂရုတစိုက်ဝယ်ပါ။ နေအိမ်အနီးအပါးမီးလန့်တတ်သည်။ အန္တရာယ်မရှိပါ။ အာမခံခြင်း၊ တာဝန်ယူခြင်းများမပြုရ။ စကားရှုပ်သောသူများနှင့် တွေ့ရမည်။ မိသားစုပိုင်



ငွေကြေးရပိုင်ခွင့်များ ပြန်လည်ပြောဆိုရရှိနိုင်မည်။ ငွေကြေးအစုလိုက်ရကိန်းကြုံမည်။ မရည်ရွယ်ဘဲသွားသောခရီးမှ ထင်ရှားသော အကျိုးများဖြစ်ထွန်းမည်။ လူမျိုးကွဲအကျိုးပေးမည်။ ဘဝလမ်းကြောင်းသစ် ပေါ်ထွန်းမည်။

## ကျန်းမာရေး

ပြဿရာသီသည်ကား လူတစ်ဦးတစ်ယောက်၏ မေးရိုးအောက်ပိုင်း၊ လည်ပင်း၊ လည်ချောင်း၊ ခံတွင်း၊ လျှာ၊ အာသီးနှင့်တကွ အသံကိုဖြစ်ထွန်းစေသောအစိတ်အပိုင်းနှင့်လည်ချောင်းသိုင်းရွိုက်ဂလင်းများကို စိုးမိုးသည်။ အာရုံကြောနှင့်ပတ်သက်သော ဝေဒနာများဖြစ်တတ်သည့်အပြင် နောက်ကျောပိုင်း၊ ဖက်ကြောတက်ခြင်း၊ အကြောညှပ်ခြင်းများဖြစ်တတ်သည်။ နားကိုက်တတ်သည်။ အသံဝင်ခြင်း၊ လည်ချောင်းနာခြင်း၊ လေရူးပြန်နှင့်ပတ်သက်သောရောဂါဖြစ်ခြင်းများကို အထူးပြုသတိရှိရမည်။ ပင်ကိုကျန်းမာရေးကောင်းသူဖြစ်သည်။ တော်ရုံတန်ရုံဝေဒနာအပေါ်တဖွဲ့၊ ဇာချဲ့သူမဟုတ်။ ဝေဒနာအတော်အတန်သည်းကာမှ မိမိကိုယ်မိမိ နာဖျားသည်ဟူ၍ အသိအမှတ်ပြုသူဖြစ်သည်။

■ **19.2.13 မှ 20.3.13 ကြား**

■ **21.5.13 မှ 20.6.13 ကြား**

■ **20.11.13 မှ 20.12.13 ကြား** ရက်များတွင်ဆီးနှင့်ပတ်သက်သောရောဂါများဖြစ်တတ်သည်။ အမျိုးသမီးများအဖို့ သားအိမ်သွေးသား ဒုက္ခပေးမည်။ ဆေးထိုး၊ ဆေးသောက်များယွင်းတတ်သည်။ ခန္ဓာကိုယ်အဆီတက်လွယ်သည်။ ခန္ဓာကိုယ်ဓာတ်ပြောင်းလဲမှု မညီညွတ်ခြင်းများဖြစ်လွယ်သည်။ မျက်စိနှင့်ပတ်သက်သော ဆေးကုသမှုခံယူရမည်။ သွား၊ သွားဖုံးဒုက္ခပေးမည်။ မတည့်သောအစားအသောက်များကိုမှ စားလိုသည်။ ကျန်းမာရေးချို့ယွင်းစေသောအကြောင်းအရာတို့ကို ပေါ့ပေါ့တန်တန်လုပ်ကိုင်လိမ့်မည်။ ဖျားနာမှုအပေါ် သမားပြသခြင်းမရှိဘဲ နီးစပ်ရာဆေးနှင့် ဝေဒနာကုစားခြင်းကြောင့်အနာတစ်ခြား၊ ဆေးတစ်ခြားဖြစ်ကာ ဝေဒနာကြီးတတ်သည်။

■ ၂၀၁၃ မတ် ၁၊ ၃၊ ၁၆၊ ၂၀၊ ၂၄၊ ၂၅၊ ၂၈၊ ၃၀

■ ၂၀၁၃ ဇွန် ၃၊ ၆၊ ၁၀၊ ၁၄၊ ၁၈၊ ၁၉၊ ၂၆၊ ၂၉

■ ၂၀၁၃ ဒီဇင်ဘာ ၁၊ ၅၊ ၁၀၊ ၁၂၊ ၂၀၊ ၂၂၊ ၂၈ ရက်များတွင်လှေကားအမြင့်တို့မှကျခြင်း၊ ခလုပ်ထိချော်လဲပြီးကာအရိုးအဆစ်ထိခိုက်ခြင်းများဖြစ်လွယ်သည်။ ဆီပူ၊ မီးပူတို့လောင်ကျွမ်းတတ်သည်။ စက်ပစ္စည်းနှင့်ထိခိုက်မှုအန္တရာယ်သတိ



www.shweo.net

ရှိရမည်။ ယာဉ်ကားမောင်းနှင်မှုသတိရှိရမည်။ လူငယ်များအဖို့ခိုက်ရန်ဖြစ်ပွားခြင်းမှ ဒဏ်ရာဒဏ်ချက်ပြင်းထန်စွာရတတ်သည်။ ပြတ်ရှခြင်း၊ ထိခိုက်ခြင်းများ အလွန်ဖြစ်လွယ်သည်။

၂၀၁၃-တစ်နှစ်တာအတောအတွင်း မှို၊ မျှစ်၊ ပဲပြား၊ ပဲပင်ပေါက်၊ အုန်းနို့ ပင်လယ်စာ ဤအစားအသောက် (၆) မျိုးကိုစားသောက်ခြင်းငှာမသင့်။ အာသီသပြင်းထန်ကအာသာပြေရုံသာစားပါ။ အပူအစပ်လွန်ကဲသောအစားအသောက်များကိုရှောင်ကြဉ်ပါ။ သက်လတ်များအဖို့ကြီးပေါင်းတက်ခြင်း၊ အာရုံကြောတက်ခြင်းများအထူးသတိရှိရမည်။ အမျိုးသမီးများအဖို့လည်ချောင်း (သိုင်းရွိုက်) နာခြင်းများဖြစ်လွယ်သည်။ သတိရှိပါ။

အသက် ၁၄၊ ၂၀၊ ၂၂၊ ၂၅၊ ၃၂၊ ၃၆၊ ၃၈၊ ၄၀၊ ၄၄၊ ၅၂၊ ၅၅၊ ၆၈၊ ၇၉၊ ၈၃ အရွယ်ရောက်နေသော ပြိဿရာသီဖွားတို့သည် ကျန်းမာရေးကိုအခြားအသက်အရွယ်ရောက်သူတို့ထက် အထူးပြုဂရုစိုက်ပါ။ အနည်းငယ်နာဖျားသည်နှင့်သမားပြသ ဆေးဝါးကုသမှုခံယူပါ။ ဆရာဝန်ညွှန်ကြားခြင်းမရှိသောဆေးဝါးများ၊ စနစ်တကျဖော်စပ်ခြင်းမဟုတ်သောဆေးဝါးများ သောက်သုံးခြင်းမပြုသင့်။ ကျောက်ကပ်နှင့်အသည်းတို့တွင် ဝေဒနာကပ်ငြိလွယ်သည်။

www.shweo.net

## ကံမြင့်ဆင်ယင်ထုံးဖွဲ့မှု

၂၀၁၃-တစ်နှစ်တာအတောအတွင်း ပြိဿရာသီဖွားအားလုံးတို့၏ ကံဇာတာမြင့်မားစေရန်အလို့ငှာ ဆင်ယင်ထုံးဖွဲ့အပ်သည့်အရောင်အသွေးများကို တင်ပြအပ်ပါသည်။

■ ပန်းရောင်၊ ခရမ်းရောင်၊ မီးခိုးရင့်ရောင်၊ နက်ပြာရောင်တို့သည်ဤတစ်နှစ်တာအတောအတွင်း အလုပ်စီးပွား၊ ငွေကြေးရေးရာတို့အတွက် ဝတ်ဆင်ရန်နှင့်အသုံးပြုရန် အရောင်များဖြစ်ပါသည်။ အလုပ်နေရာတွင်သုံးစွဲသောအသုံးအဆောင်ပစ္စည်းများနှင့်တကွ ထိုင်ခုံပရိဘောဂများကိုဖော်ပြပါအရောင်များသုံးစွဲခြင်းဖြင့် လာဘ်ပွင့်ခြင်း၊ ငွေကြေးကံကောင်းခြင်းကို ဖြစ်ပေါ်စေမည်။

■ အစိမ်းရောင်၊ မီးခိုးရင့်ရောင်၊ နက်ပြာရောင်၊ အဖြူရောင်၊ နှီနှစ်ရောင်တို့သည် ပညာစာမေးပွဲဖြေဆိုခြင်း၊ အလုပ်စာမေးပွဲအင်တာဗျူးတို့မှအစ အားကစားယှဉ်ပြိုင်မှုကဲ့သို့သောပြိုင်ဆိုင်ဆောင်ရွက်မှုများတွင် ဝတ်ဆင်သုံးစွဲခြင်းဖြင့်အလိုရှိရာအဆင်ပြေမည်၊ အောင်မြင်မည်၊ ရည်မှန်းသလောက်ထွန်းထွန်းပေါက်ပေါက်ဖြစ်မည်။

■ ကြက်သွေးရင့်ရောင်၊ ပန်းနုရောင်၊ အနက်ရောင်၊ မီးခိုးရင့်ရောင်တို့သည် ဤတစ်နှစ်တာအတောအတွင်း အချစ်ရေး၊ မေတ္တာရေးနှင့် ဆွဲဆောင်မှုအတွက် အကျိုးပေးသောအရောင်ဖြစ်သည်။ စန်းပွင့်စေရန်အလို့ငှာ သုံးစွဲနိုင်သည်။ ပရိသတ်လူဘုံအလယ် သွားလာခြင်းငှာ ထွန်းလင်းခြင်းနှင့် ဥပဓိရုပ်ဆွဲဆောင်အား မြင့်မားခြင်းများရှိမည်။ အိမ်ထောင်သည်များပင်လျှင် ၎င်းအရောင်တို့ကိုသုံးစွဲ၍ အိမ်ထောင်ဘက်ထံမှမေတ္တာကို ပိုမိုရယူနိုင်၏။

■ အနီရင့်ရောင်၊ မီးခိုးရင့်ရောင်၊ နက်ပြာရောင်တို့သည် ဤတစ်နှစ်တာအတောအတွင်း ခရီးကိစ္စများဆောင်ရွက်သောအခါတွင် ဝတ်ဆင်သုံးစွဲသင့်ပါသည်။ ခရီးသွားခြင်းကိစ္စအင်တာဗျူးခြင်း၊ သံရုံးဝင်ခြင်းမှအစခရီးသွားအဝတ်အစားတို့ကိုဤအရောင်များသုံးစွဲခြင်းဖြင့် ထွန်းပေါက်ပေမည်။

■ ၂၀၁၃-တစ်နှစ်တာကာလအတွင်း အဝတ်အထည်သစ်များ၊ ရတနာအသုံးအဆောင်များ ဝယ်ယူခြင်းမှအစ ပုံစံ

www.shweo.net

သစ်၊ စတိုင်သစ်၊ ဒီဇိုင်းသစ်ပြုပြင်ပြောင်းလဲပြင်ဆင်ရန်အတွက်ရက်ကောင်းများကို လအလိုက်တင်ပြအပ်ပါသည်။

| လ | နေ့ရက်များ |
|---|---|
| Jan | 3, 7, 8, 11, 14, 17, 22, 25, 28, 29 |
| Feb | 1, 5, 6, 8, 9, 10, 13, 15, 16, 21, 24, 27, 28 |
| Mar | 7,8,10,11, 14, 16, 17, 22, 29 |
| Apr | 1, 5, 6, 8, 9, 10, 13, 15, 21, 23, 24, 28 |
| May | 1,5,6,8,9,12,14, 15, 16, 18, 20, 22, 23, 27 |
| June | 3, 4, 5, 7, 8, 11,13,14,19,21,22,25, 26, 29 |
| July | 3, 4, 7, 10, 12, 13, 21, 24, 25, 28 |
| Aug | 2, 4, 5, 6, 11, 12, 17, 19, 20, 23, 24, 27, 31 |
| Sept | 1, 3, 4, 7, 9, 10, 15, 17, 18, 21, 22, 30 |
| Oct | 2, 3, 4, 7, 9, 15, 17, 18, 21, 22, 29, 30 |
| Nov | 1, 2, 7, 8, 13, 15, 16, 19, 23, 28, 30 |
| Dec | 2,5,7, 8, 13, 15, 16, 19, 20, 23, 27, 29,30 |

■ ၂၀၁၃-တစ်နှစ်တာအတွင်း ဆံပင်ညှပ်ခြင်း၊ ဆံပင်ပုံစံသစ်ပြုပြင်ပြောင်းလဲခြင်းမှအစ ခေါင်းလျှော်၊ ခေါင်းဆေးပြု



ချက်ပွင့်ကာကျက်သရေတိုးပွားစေသော၊ မင်္ဂလာအဖြာဖြာတို့ပြည့်စုံသော ရက်အခါကောင်းများကို လအလိုက်တင်ပြအပ်ပါသည်။

| လ | နေ့ရက်များ |
|---|---|
| Jan | 5, 7, 11, 15, 17, 18, 25 |
| Feb | 3, 5, 6, 7, 16, 17, 24, 28 |
| Mar | 1, 10, 16, 17, 19, 20, 29 |
| Apr | 3, 7, 24, 25, 29 |
| May | 1, 5, 6, 9, 11, 12, 13, 23, 27 |
| June | 1, 5, 9, 11, 14, 15, 27 |
| July | 2, 7, 8, 10, 13, 15, 17, 21, 31 |
| Aug | 8, 9, 11, 12, 13, 14, 22, 26, 31 |
| Sept | 1, 7, 8, 9, 12, 22, 26, 27, 30 |
| Oct | 5, 6, 7, 8, 9, 10, 20, 21, 26 |
| Nov | 3, 4, 5, 6, 7, 8, 13, 22, 29 |
| Dec | 3, 5, 7, 8, 13, 20, 25, 31 |

■ ကြည်ပြာပန်း၊ ကြယ်တာရာပန်း၊ ပုလဲပန်း၊ ဒေစီပန်း၊ သစ်ခွရောင်စုံ၊ ကြာပန်းပွင့်ရောင်စုံတို့သည် ဤတစ်နှစ်တာ

www.shweo.net

အတောအတွင်း အလုပ်နေရာနှင့် နေအိမ်တွင်ရှိသော ဘုရားစင်တွင်ကပ်လှူခြင်းဖြင့် စီးပွားကောင်းခြင်း၊ လာဘ်ပွင့်ခြင်းတို့ကိုရမည်။ အလုပ်စားပွဲ၊ ငွေ့ခန်းစားပွဲ၊ အရောင်းကောင်တာတို့တွင်လည်းအလှဆင်၍ တင်ခြင်းဖြင့်လာဘ်လာဘနှင့်ပတ်သက်သော အကျိုးထူးကိုရပေမည်။

■ ထမင်းစားစားပွဲပေါ်တွင် လှပသောကြွေပန်းအိုးအတွင်း စပိုင်ဒါသစ်ခွပန်းကို ကျောက်စက်စိမ်းအရွက်နှင့်အလှဆင်ကာတွဲ၍ထိုးထားပါ။ အိမ်အေးချမ်းမည်၊ မိသားစုညီညွတ်တိုးတက်မည်။

■ လိုလားချက်နှင့်ဆန္ဒ တစ်စုံတစ်ရာပြည့်စုံလိုကစဥ့်ရေသုတ်မြေပန်းအိုးအတွင်း၌ ဗုဒ္ဓသရဏံပန်း (၁) ခက်၊ နေကြာပန်း (၁) ပွင့်၊ သစ္စာပန်း (၁) ခက်ထိုး၍အနီးအပါးအမြင့်တစ်နေရာတွင်တင်၍ လိုရာဆန္ဒပြုပါ။ အလိုပြည့်မည်။

■ ဂန္ဓမာပန်းအဖြူတစ်ပွင့်၊ အဝါတစ်ပွင့်ကိုပိန်းပန်းပွင့်အဖြူတစ်ပွင့်နှင့်တွဲ၍ ဖဲကြိုးအစိမ်းနှင့်ချည်နှောင်ကာအမြင့်တွင်တင်၍ခရီးကိစ္စများ ဆောင်ရွက်ပါ။

■ ကျန်းမာရေးအညွှကြိုသော် ဖန်ပန်းအိုးအတွင်းနှင်းဆီ



ပန်းအဖြူတစ်ပွင့်၊ အဝါတစ်ပွင့်ထိုး၍ မိမိအိပ်ယာ (သို့မဟုတ်) နေထိုင်ရာအနီးအပါးတွင်ထားရှိပါ။ အညှံ့အဆိုးများကင်းဝေးသွားမည်။

■ အပူသောကများကြုံ၍ စိတ်ညစ်လေသော်သစ္စာပန်း (၁) ခက်၊ နှင်းပန်း (၁) ပွင့်နှင့်အစိမ်းရောင်(၃)ရွက်တို့ကို ဘုရားကပ်လှူခြင်းဖြင့် အညှံ့အဆိုးကင်း၍ကောင်းကျိုးအထင်အရှားရပေအံ့။

## ၂၀၁၃-ရတနာဝတ်ဆင်မှု

၂၀၁၃ ခုနှစ်အတွင်း ပြိဿရာသီဖွားအားလုံးတို့အတွက်အဓိကဝတ်ဆင်ရန် ရတနာ (၆) မျိုးရှိသည်၊ စိန်၊ ခရမ်းစွဲ၊ ကြောင်မျက်၊ သန္တာကျောက်၊ ပုလဲနက်၊ ကျားမျက်လုံးတို့ဖြစ်ပါသည်။

■ **စိန် (Diamond)** သည်မိမိကိုယ်မိမိ ယုံကြည်မှုအားတိုးတက်စေသည်။ သူတစ်ပါး၏ ယုံကြည်ကိုးစားမှုကိုလည်းရရှိမည်။ လာဘ်ကောင်းခြင်း၊ စီးပွားဖြစ်ထွန်းခြင်းကိုကြုံစေမည်။ လက်စွပ်အဖြစ်ဝတ်က ဘယ်ဘက်၊ ညာဘက်နှစ်ဘက်

www.shweo.net

ရာ၏လက်ခလယ်တွင် ဝတ်ဆင်ရမည်။

■ ခရမ်းစွဲ (**Amethyst**) ကျောက်သည် ပီယတာတ်ကို ကောင်းစေသည်၊ စန်းပွင့်သည်၊ လာဘ်လာဘနှင့်ဥစ္စာတိုးပွားစေသည်၊ ဝင်ငွေတိုးပွားစေသည်၊ ရငွေကိုမြဲစေသည်၊ ပြင်းထန်စွာဦးခေါင်းကိုက်ခဲခြင်းကို ပျောက်ကင်းစေနိုင်စွမ်းရှိသည်။

■ ကြောင်ကျောက် (**Opal**) သည်စိတ်စွမ်းအားကိုတိုးပွားစေသည်၊ ဆုံးဖြတ်ချက်များမှန်ကန်မည်၊ သုံးသပ်နိုင်စွမ်းနှင့်တွေးခေါ်မှုစွမ်းအားကောင်းမည်၊ လာဘ်လာဘတိုးပွားစေသည်၊ အတတ်ပညာကိုလေ့လာနိုင်စွမ်းမြင့်မားမည်၊

■ သန္တာကျောက် (**Coral**) သည်လူချစ်လူခင်ပေါများစေသည်၊ စိတ်ခံစားချက်ကိုချုပ်တည်းနိုင်စွမ်းရှိသည်၊ ခရီးသွားမှု၊ လူမျိုးကွဲအကျိုးပေးမှုအပေါ် အထင်အရှားအကျိုးပြုစေသည်၊

■ ပုလဲနက် (**Black Pearl**) ကျောက်သည်ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စေသည်၊ စိတ်အားငယ်မှု၊ ဝမ်းနည်းမှုကိုပယ်ဖျက်နိုင်စွမ်းရှိသည်၊အဆစ်အမြစ်ကိုက်ခဲမှုတို့ကိုလျော့



နည်းပပျောက်စေသည်၊ အများအပေါ်ဦးဆောင်ဦးရွက်ပြုနိုင်သောအနေအထားရှိမည်၊ ဥစ္စာလာဘ်လာဘကြွယ်ဝတိုးပွားခြင်းကိုဖြစ်စေသည်၊

■ ကျားမျက်လုံး (**Tiger Eye**) ကျောက်သည်စိတ်စွမ်းအားကိုထက်မြက်စေသည်၊ အခက်အခဲများကိုဖြေရှင်းနိုင်စွမ်းမြင့်မားမည်၊ အကောင်းမြင်အတွေးအခေါ်များ ပေါ်ထွန်းမည်၊ ခွင့်လွှတ်နားလည်တတ်သောသဘာဝ မြင့်မားမည်၊

■ ခရမ်းရောင်သလင်းကျောက်၊ နီလာအပြာ၊ ပြောင်ခေါင်းစိမ်းတို့ကိုလည်း ဝတ်ဆင်သုံးစွဲနိုင်ပါသည်၊ ကနုကမာနှင့်ပြုလုပ်ထားသောရင်ထိုးနှင့် အခြားအလှပစ္စည်းများကိုလည်း သုံးစွဲဝတ်ဆင်နိုင်ပါသည်၊ အပြာရောင်၊ အနီရောင်၊ ခရမ်းရောင် (**Fancy**) ရင်ထိုးများ၊ အသုံးအဆောင်ပစ္စည်းများကိုလည်းသုံးစွဲနိုင်ပါသည်၊ ဦးချိုပုံ၊ ပန်းပွင့်ပုံ၊ လိပ်ပြာပုံရင်ထိုး၊ အသုံးအဆောင်တို့ကိုလည်း ဝတ်ဆင်သုံးစွဲသင့်ပါသည်၊ ကမာခွံပုံ အလှဆင်ပစ္စည်းများကို ဝတ်ဆင်သုံးစွဲသင့်ပါသည်၊

www.shweo.net

# ကံအကျိုးပေးနံပါတ်

၂၀၁၃ - တစ်နှစ်တာအတွင်း ပြီသသရာသီဖွားများ အတွက် ကံအကျိုးပေးနံပါတ်များ **Lucky Numbers** များကိုလအလိုက်တွက်ချက်တင်ပြအပ်ပါသည်။ ဉာဏ်ရှိ၍ သုံးစွဲကာ ကံကောင်းခြင်းနှင့် လာဘ်လာဘလိုအင်ဆန္ဒပြည့် စုံခြင်းရရှိစေမည်။

| လ | အကျိုးပေးဂဏန်း |
|---|---|
| Jan | 4, 1, 2, 8 |
| Feb | 0, 4, 9, 7 |
| Mar | 6, 7, 3, 8 |
| Apr | 1, 9, 5, 4 |
| May | 2, 6, 3, 8 |
| June | 5, 7, 0, 9 |
| July | 2, 7, 5, 8 |
| Aug | 1, 0, 3, 2 |
| Sep | 5, 4, 0, 7 |
| Oct | 6, 0, 8, 9 |
| Nov | 2, 5, 0, 8 |
| Dec | 2, 4, 3, 0 |



# ကိုယ်နေဟန်နှင့်ဆွဲဆောင်မှု

ဂရိဒဏ္ဍာရီတွင် ကမ္ဘာမြေပြင်ပေါ်၌တစ်ကြိမ်တစ် ခါမှမရှိဖူးသောစိမ်းလန်းသောမြက်ခင်း၊ လှပသောအရိုင်း ပန်းရောင်စုံတို့ကိုမြင်လေသော် Horae "ဟိုးရီ" နတ်ဒေဝီ (၃) ပါးတို့သည်လွန်စွာ ကြည်နူးအံ့ဩဝမ်းမြောက်ကြကုန် သည်။ အချိန်နာရီနှင့်အချိန်စက်ဝန်းကို ဖန်ဆင်းလှည့်လည် စေသော၄င်းနတ်ဒေဝီ (၃) ပါးသည်နတ်ပြည်တွင်ပင်မြင် တွေ့ဖူးခြင်းမရှိသော ပန်းနှင့်မြက်ခင်းအလှတို့ကိုမည်သူ ကဖန်ဆင်းသည်အားမြေရာခံလေသော် အလွန်လှပသော တန်ခိုးရှင် Venus ကိုမြင်၏။ ပင်လယ်သမုဒ္ဒရာပြင်မှ ပေါက် ဖွားလာသည့် အလှနတ်မိမယ် Venus မြေပြင်သို့ခြေချရာ၌ ခြေလှမ်းတိုင်း၏ဖဝါးအောက်တွင် နူးညံ့သောမြက်ခင်းနှင့် တင့်တယ်သောရောင်စုံပန်းတို့ပေါ်ထွန်း၏။ ဤမျှလောက် အချိုးအဆစ်ကျနတင့်တယ်မှုအပေါင်း အမျိုးသမီးတစ်ဦး၌ရှိလိမ့်မည်ကို အိပ်မက်ပင်မမက်ဖူးပေ။ မသဘာဝပေါင်း စုအလှထွန်းခေါင် Venus ကိုမြင်လေသော်နတ်ဒေဝီ (၃) ပါးအံ့မခမ်းဖြစ်ကြကုန်သည်။ သူမခြေလှမ်းချရာ၌ပွင့်ဖူးပေါ် ထွန်းသောပန်းတို့၏ ဖြစ်ထွန်းမှုကိုလည်းမျက်ဝါးထင်ထင်

www.shweo.net

မြင်လေသော်ရာသီစောင့် နတ်ဒေဝီ (၃) ပါးမှ Venus ကို ဦးညွတ်နှုတ်ဆက်ကာ လှပသောဝတ်ရုံများ၊ အဖိုးထိုက်တန်သည့်ရတနာပစ္စည်းများကို လက်ဆောင်ပဏ္ဏာပေး၍မိတ်ဖွဲ့ကာ နတ်ပြည်နတ်နန်းခေါ်ဆောင်သည်။ နတ်တို့သဘင်ညီလာခံသို့ ရောက်ရှိစေသော် နတ်ဒေဝတာအားလုံးတို့က Venus ၏အလှကွန့်ယက်တွင် ငြိတွယ်မှင်သက်ငေးမောကာ အလှအပတို့၏နတ်ဒေဝီ Goddess of Beauty ဟူ၍အလှဧကရီဘွဲ့ကိုချီးမြှောက်ကြကုန်သည်။ ရင်ဖိုလှိုက်မောနလုံးသားတဖျပ်ဖျပ်ခါ၍ တိမ်းမူးသောသဘာဝကိုလည်းညှို့ငွမ်းနိုင်သူဖြစ်ပေရာ ထိုသို့ဖြစ်ပေါ်မှုကိုချစ်ခြင်း Love ဟူ၍ခေါ်ဆိုကာအချစ်နတ်မိမယ် Goddess of Love ဟူ၍သတ်မှတ်သည်။ သင်းရနံ့ထုံသော ရောင်စုံပန်းမန်အတိနှင့်ပြီးသော ကမ္ဘာမြေကြီး၏ အလှကိုလည်း ရင်သပ်ရှုမောဝမ်းမြောက်ကြကုန်သည်။ အချိန်ကာလနှင့် ရာသီကိုစောင့်ရှောက်သောနတ်ဒေဝီ (၃)ပါးမှ အဆိုပြု၍ "ဇု" နတ်မင်းကြီးအပါအဝင် နတ်ဒေဝါအားလုံးတို့သည် ရာသီ (၁၂) ပါးအနက်ဒုတိယမြောက်ရာသီဖြစ်သည့် မြေဓာတ်သဘာဝလွှမ်းမိုးသောပြိဿရာသီအား Venus ပိုင်စိုးစေရန်အပ်နှံလေတော့သည်။ နတ်ဒေဝီ Venus သည်ကမ္ဘာမြေ၏အလှ



အပတို့ကိုဖန်တီးဖွံ့ဖြိုးစေခြင်း၊ တင့်တယ်မှုထိန်းသိမ်းစေခြင်းနှင့်လူသားအချင်းချင်းတို့ ချစ်ကြည်ငြိမ်းချမ်းမှုရစေရန် အလို့ငှာညှို့ဓာတ်အပြည့်နှင့် တင့်တယ်လှသောလူသားတို့အားဖန်တီး၍ ပြိဿရာသီတွင်မွေးဖွားသန့်စင်စေသည်။

ပြိဿရာသီဖွားတို့သည် ပထဝီမြေဓာတ်လွှမ်းမိုးမှုအောက်တွင်မွေးသူများဖြစ်ပေရာ အရိုး၊ အဆစ်ဖွဲ့စည်းမှုလှန်စွာပြေပြစ်သည်။ သိမ်မွေ့ညက်ညောသောအရေပြားရှိသည်။ ခြေချောင်း၊ လက်ချောင်းတို့၏သွယ်ပျောင်းခြင်းနှင့် ခြေသည်း၊ လက်သည်းတို့၏ တင့်တယ်မှုသည် တစ်ပါးသူနှင့်မတူတမူခြားနားသည်။ ရုပ်ဆင်းကြီးအင်တင့်တယ်၍ ကိုယ်နေကျော့ရှင်းသည်။ တစိမ့်စိမ့်ကြည့်၍မရိုးနိုင်သောအလှအပကိုပိုင်ဆိုင်သည်။ ပြိဿရာသီဖွားတို့၏မျက်လုံး၊ မျက်ခုံးတို့သည်တုနှိုင်းမမှီနိုင်သော ပင်ကိုအလှရှိ၏။ ရွှန်းလဲ့သောမျက်ဝန်းအစုံနှင့် မျက်မှာန်တစ်ချက်ဝင့်လိုက်လျှင်တစ်ဘက်သူမှင်သက်သွားလောက်အောင် ရင်ခုန်သော မျက်ဝန်းအစုံကိုပိုင်ဆိုင်သည်။ မျက်မှောင်နေရာ၊ နှာတံနှင့်တကွအပေါ်နှုတ်ခမ်းအလယ်တို့၏ ဖွဲ့စည်းမှုသည်တပန်းချီစီလောက်သည့်တင့်တယ်မှုရှိသည်။ ပါးနှစ်ဘက်နှင့်မေးရိုးအကျသည်အလှန်ဆွဲဆောင်မှုရှိသည်။ ခပ်တွဲတွဲအောက်နှုတ်ခမ်းသည် တစ်ဖက်လူကို ရင်ခုန်စေအောင်ဆွဲဆောင်သည်။

www.shweo.net

နားထင်အဆင်း၊ နားနှစ်ဖက်၏ဖွဲ့စည်းမှုသည် အလွန်အချိုးကျသည့်အပြင် လည်တံကျော့ရှင်းသည်။ အမျိုးသမီးများအဖို့ရင်ညွန့်နှင့်ဂုတ်ပိုးတွင် ပြည့်တင်းသောအလှရှိပေရာ ၄င်းအလှတို့ကို ပေါ်လွင်ထင်ရှားသောအဝတ်ကို ဝတ်သင့်သည်။ ဆံပင်ကိုနောက်တွင်ခပ်မြင့်မြင့်ချည်နှောင်၍ဖြစ်စေ၊ ဂုတ်သားပေါ်စေသောပုံစံကိုယူပါ။ ညှို့ငင်နိုင်စွမ်းရှိသောအသံကိုပိုင်ဆိုင်သည်။ ခြေသလုံးမှသည်ခြေဖမိုး၊ ခြေဖနောင့်တို့၌ ပြည့်ဖြိုးတင့်တယ်သည်။

ဗိုသီဖတ်သီနေထိုင်ခြင်းကိုပြင်ပါ။ ခံတွင်းနှင့်ကိုယ်ရနံ့ကိုအထူးဂရုတစိုက် ထိန်းသိမ်းအပ်သည်။ မွဲရောင်းလွန်းသော အဝတ်များနှင့်မတင့်တယ်။ ခန္ဓာကိုယ်အချိုးအဆစ်ကိုပေါ်လွင်စေသော အဝတ်အထည်ကိုဝတ်သင့်သည်။ အမျိုးသားများအဖို့ ပြင်ဆင်လွန်းလျှင်နွဲ့လျသွားတတ်သည်။ ထူထဲသောမိတ်ကပ်များမသုံးအပ်။ ပင်ကိုအသားအရေအလှကွယ်တတ်သည်။ ခြေသည်း၊ လက်သည်းတို့ကိုစနစ်တကျပုံဖော်၍ တင့်တယ်သောအရောင်ဆိုးပါ။ လွန်လွန်ကဲကဲပြင်ဆင်က အလွန်ယို့ယွင်းရင့်ထော်သွားတတ်သည်။ သိမ်မွေ့ပျော့ပျောင်းသော အဝတ်အထည်တို့နှင့်လိုက်ဖက်သည်။ အဆီတက်၍ဝလွယ်သည်။ အစားအသောက် အထူးဂရုစိုက်ပါ။



# နိဂုံးချုပ်

ပြိုသရောသီဖွားတို့တွင် နှစ်လိုဖွယ်သဘာဝ (၃) ခု၊ အရိုင်းစိတ် (၇) မျိုးနှင့်ထိန်းသိမ်းနိုင်မှုစွမ်းအား (၃) ပါးတို့ကိုပိုင်ဆိုင်သည်။ ဒဏ္ဍာရီတွင်အလှဧကရီ Venus (ဗီးနပ်စ်) သည် "မ" သဘာဝ၏အခေါင်အဖျား ရုပ်သဏ္ဍာန်နှင့်စိတ်သဘာဝကို အပြည့်အဝပိုင်ဆိုင်၏။ မိန်းမသားတို့ပိုင်ဆိုင်အပ်သောအရိုင်းစိတ် (၇) ပါးဖြစ်သည့် (၁) မနာလိုသဝန်ကြောင်ခြင်း၊ (၂) အငြိုးအတေးကြီးခြင်း၊ ရန်ငြိုးထားခြင်း၊ (၃) ဝင့်ထည်စွာပြောဆိုကြွားဝါခြင်း၊ (၄) လှည့်ဖျားတတ်သည့်မာယာများခြင်း၊ (၅) နှလုံးသားခံစားချက်ကိုဦးစားပေး၍ ရုပ်တည်ချက်ပြောင်းလဲခြင်း၊ (၆) ငြီးငွေ့လွယ်ခြင်း၊ (၇) အာယာတစိတ်နှင့်ကလဲ့စားချေခြင်းတို့ကို ပိုင်ဆိုင်သည်။ Venus ပိုင်စိုးသည့်အရိုင်းစိတ် (၇) ပါးသည် ပြိုသရောသီဖွားတို့တွင်စိုအောင်းနေသည်။ အမျိုးသမီးတို့တွင်ထိုသဘာဝ (၇) ပါးပိုမိုအားကောင်းသည်။ အရိုင်းစိတ် (၇) ပါးကိုအခါအားလျော်စွာ အချိန်နှင့်အမျှထိန်းကွပ်ပေးရန်အချိန်ရာသီတောင့်နတ်ဒေဝီ (၃) ပါးက ကတိကဝတ်ပေးထားသည်။ ငြိမ်းချမ်းရေးနတ်ဒေဝီ (အီရိန်) Eirene၊ တရားစောင့်နတ်ဒေဝီ Goddess of Justice၊ (ဒိုက်စ်) Dice နှင့်

www.shweo.net

အမြော်အမြင်နတ်ဒေဝီ Goddess of Wise (အိန္ဒိမ်းယား) Eunomia တို့ဖြစ်သည်။ ထိုနတ်ဒေဝီသုံးပါးတို့သည် Venus နှင့်ပြိဿရာသီဖွားတို့အား Peace, Justice, Wise ဟူသောထိန်းသိမ်းနိုင်မှုစွမ်းအား (၃) ပါးနှင့်အားဖြည့်ကာ အရိုင်းစိတ် (၇) ပါးကိုထိန်းချုပ်သည်။ ထို့ကြောင့်ပြိဿရာသီဖွားတို့သည် ငြိမ်းချမ်းမှုကိုလိုလားသည်။ ပဋိပက္ခကိုရှောင်ရှားသည်။ ရန်ဖက်ပြုလာသူကိုပင် ငြိမ်းချမ်းအလျှော့ပေးသည့်ဆန္ဒရှိသည်။ တရားမျှတစွာ သုံးသပ်ဆင်ခြင်လေ့ရှိသည်။ ဆုံးဖြတ်မှုမှန်သမျှသည် ဘက်မလိုက်ဘဲသုံးသပ်ဆုံးဖြတ်သောအနေအထားရှိမည်။ အမြော်အမြင်ကြီးသည်။ အကောင်းအဆိုးခွဲခြားတတ်သည်။ အုပ်စီးထိန်းချုပ်စီမံခန့်ခွဲနိုင်စွမ်းရှိသည်။ ဩဇာအရှိန်အဝါမြင့်သည်။ ဤကားပြိဿရာသီတို့၏ ပုံမှန်စိတ်သဘာဝဖြစ်သည်။ စိတ်အရိုင်း (၇) ပါးကိုထိန်းသိမ်းနိုင်သောအခါများတွင် သောကြာနတ်မိမယ်၏နှစ်လိုဖွယ်သဘာဝ (၃) ပါးအလိုအလျောက်ပေါ်ထွန်းသည်။ ပကတိရှင်းသန့်သောစိတ်နှင့် သူတစ်ပါးအပေါ်ရိုးသားဖြူစင်စွာပြောဆိုဆက်ဆံတတ်ခြင်း၊ မနောချမ်းမြေ့၍နှစ်လိုဖွယ်ကောင်းခြင်း၊ ညှိုနှိုင်းနိုင်မှုအားကောင်းခြင်းနှင့် သဟဇာတဖြစ်တည်မှုနှင့် ပေါင်းစည်းနိုင်သောသဘာဝ မြင့်မားခြင်းတို့ကိုပိုင်ဆိုင်သည်။



ပြိဿရာသီဖွားအားလုံးတို့သည် အခြားရာသီဖွားတို့ထက်ပို၍ စိတ်ရှည်သည်းခံမှုမြင့်မားသည်။ စိတ်တိုအမျက်ထွက်မှုဖြစ်ခဲသည်။ စိတ်ဒေါသဖြစ်ပေါ်သောအခါ၌အရှိန်ပြင်းစွာပေါက်ကွဲသော မီးတောင်အလားခြေမှုန်းရင်ဆိုင်လေ့ရှိသည်။ မည်သို့သောအရာကိုမှ ထောက်ထားညှာတာခြင်းမရှိ။ ရန်ငြိုးပြင်းထန်စွာနှင့် ရင်ဆိုင်ဖြေရှင်းတတ်သည်။ အငြိုးအတေးကြီးသည်။ အာယာတကြီးသည်။ အတိတ်ကာလမှသည်ရာဇဝင်ချီ၍ တပျစ်တောက်တောက်ကျိတ်မနိုင်ခဲမရဖြစ်တတ်သည်။ ယခုနှစ်တစ်နှစ်တာအတွင်း ဒေါသအမျက်အာယာတတို့ကိုလျှော့ရမည်။ သို့တည်းမဟုတ်ကအတိတ်ပြဿနာများအကြောင်းပြု၍ ရုံးရောက်၊ ဂါတ်ရောက်အမှုန်းပွားကိန်းဆိုက်လိမ့်မည်။ ပြိဿရာသီဖွားတို့သည်မိမိလိုလားသောအရာကို မဖြစ်မနေဖွဲ့ကြိုးစွာနှင့် ဉာဏ်ပရိယာယ်ကိုအသုံးချ၍ မှုလနှစ်လိုဖွယ်သဘာဝ (၃) ပါးကိုအသုံးချကာအလိုရှိရာ လက်ဝယ်ရောက်ရှိအောင်စွမ်းဆောင်နိုင်သောသဘာဝသည် ယခုနှစ်အတွင်းအထင်အရှားပေါ်ထွန်းနေသည်။ စနစ်တကျအသုံးချ၍ လိုရာဆန္ဒပြည့်မြောက်အောင်ဆောင်ရွက်ပါ။

အနစ်နာခံမှု၊ စိတ်ကောင်းစေတနာထားမှုအပေါ်အခွင့်အရေးယူကာ ခုတုံးလုပ်အသုံးချခြင်းကို ခံရတတ်

www.shweo.net

သည်။ ၂၀၁၃-တစ်နှစ်တာအတွင်း လွန်ကဲစွာသဘောမနော ကောင်းခြင်းကိုလျှော့သင့်သည်။ ဆွေမျိုးမောင်နှမအရင်း အချာများကပင်လျှင် ကိုယ့်အပေါ် အနိုင်ယူခြင်းမျိုးဖြစ် တတ်သည်။ သတိရှိပါ။ လွန်စွာခေါင်းမာသောသူများဖြစ် သည်။ ဖျောင်းဖျ၍မရလောက်အောင်ပင် ထင်ရာစိုင်းတတ် သည်။ ဆုံးဖြတ်ချက်ချပြီးလျှင်လည်း ပြန်မပြင်တတ်သော သူဖြစ်ပေရာယခုနှစ်အတွင်း ဆုံးဖြတ်ချက်တစ်စုံတစ်ရာချ မှတ်ခါနီးတိုင်း အပြန်ပြန်အလှန်လှန်သုံးသပ်ပြီးမှဆုံးဖြတ် ပါ။ ထိုမှသာဆုံးဖြတ်ပြီးခေါင်းမာစွာ ရှေ့တိုးလုပ်သောသဘာ ဝကြောင့်ဖြစ်နိုင်သော အားနည်းချက်များကိုကာကွယ်နိုင် သည်။

စိတ်အကဲဆတ်ခြင်း၊ စိတ်ထိခိုက်ခံစားမှုလွန်စွာ ပြင်းထန်ခြင်း၊ အစွဲအလန်းကြီးခြင်း သဘာဝများကြောင့် နလုံးသားထိခိုက်မှု စိတ်ခံစားချက်တို့ဖြစ်လေ့ရှိသည်။ ၎င်း စိတ်တို့ကိုထိန်းချုပ်ပါ။ ၂၀၁၃-တစ်နှစ်တာအတွင်းကိုယ ရေးကိုယ်တာကိစ္စထက် မိသားစုရေးရာနှင့် သူတစ်ပါးအ တွက်အချိန်ပေးနေရခြင်းအပေါ် ငြူစူရန်မသင့်။ ကိုယ့်အ ပေါ်၌လည်း ကောင်းစွာကူညီသူ၊ မေတ္တာထားသူများ ဝန်းရံ လျက်ရှိချေသည်။



## ၂၀၁၃-ဆောင်ရွက်ရန်

■ ကြေးလင်ပန်းတစ်ချပ်အတွင်း အစိမ်းရောင်ကဗ္ဗီပါဝကို ခင်း၍ကမာခွံ၊ ခရုခွံ၊ ပုလဲလုံးနှင့် ကျောက်ရှိုင်းရောင်စုံတို့ကို စုပုံတင်၍အလုပ်နေရာ၊ နေအိမ်ဧည့်ခန်းအမြင့်တစ်နေရာ တွင်ထားရှိပါ။ ကြေးသတ္တုနှင့်ပြုလုပ်ထားသောပစ္စည်းများ ကိုလည်းအလျင်းသင့်သလို ထားရှိသုံးစွဲခြင်းပြုပါ။

■ အနီရောင်ကဗ္ဗီပါဝနှင့်ပြုလုပ်ထားသော ကြိုးရှုံ့အိတ် တစ်လုံးတွင်း ဝတ်စားဆင်ယင်သည့် လက်ဝတ်ရတနာတို့ ကိုထားရှိပါ။ လိုအပ်သောအခါထုတ်ယူဝတ်ဆင်ပါ။ ၎င်း လက်ဝတ်ပစ္စည်းတို့ကို လရောင်အောက်တွင်မကြာခဏ ထားရှိပေးပါ။ လက်ဝတ်ရတနာတို့အားဝတ်စားခါနီး၌ အ မွှေးရနံ့ပက်ဖျန်းပြီးမှဝတ်ပါ။

■ ကြွေထည်မြေထည်နှင့် ပြုလုပ်ထားသော အလှဆင် ပစ္စည်းများကိုနေအိမ်သို့မဟုတ် အလုပ်နေရာ၏အရှေ့ မြောက်ထောင့်တွင်ဖြစ်စေ၊ အနောက်တောင်ထောင့်တွင် ဖြစ်စေတင်၍ အလှဆင်ခြင်းပြုပါ။ မြေအိုးတစ်လုံးကို ရွှေ

www.shweo.net

ရောင်းသုတ်၍ ငွေကြေးထည့်ကာ စုဆောင်းပါ။ ထိုအိုးထဲမှ စုဆောင်းငွေကိုအသုံးပြု၍ အလှူဒါနပြုပါ။

ချမ်းမြေ့မေတ္တာတုန့်ပြန်ပါသည်။
စံ - ဇာဂဏီဘို
ဖုန်း - ၀၁ - ၆၄၁၆၁၃၉၊
၀၉ ၇၃၀၇၀၇၉၉